ကလေး သူငယ်များ အတွက်

# သုတ ရတနာ သိုက်

ကမ္ဘာဦး သက်ရှိများ



# သတ္တဝါနှင့်အပင်တို့၏
# အချိုးအစားများ

မြောက်အမေရိကတိုက်ရှိ ‘ရက်ဒဝု’ ပင်သည် အပင်လောကတွင် အမြင့်ဆုံးဖြစ်သည်။ မီတာ ၁၂၀ ခန့် မြင့်ပြီး ‘မက်တာဆီကွိုင်းယား’ အုပ်စုဝင် အပင် ဖြစ်သည်။ ဝေလငါးသည် ယခုခေတ်သတ္တဝါလောကတွင်အကြီးဆုံးဖြစ်သည်။ ၂၅ မီတာခန့် ရှည်သည်။ ၎င်းတို့နှင့် အရွယ်အစားတူသော သတ္တဝါများမှာ ကမ္ဘာဦးအချိန်က အချို့သော ‘ဒိုင်နိုဆော’ များဖြစ်ကြပြီး နှစ် သန်း ၁၀၀ ကျော်ခန့်က ကျက်စားခဲ့ကြသည်။







အယ်ဗာထရော့ (စင်ရော်ကြီး)
(အတောင်ဖြန့် ၁.၃ မီတာ)
အာခီအိုတာရစ် (အလျား ၂၀ ဆင်တီမီတာ)
ငှက်ကုလားအုတ် (အလျား ၂.၅ မီတာ)
လတ်ချပင်(အမြင့် ၃၀ မီတာ)
ယူအင်တာသီရီယမ်(အမြင့် ၂ မီတာ)
ထရိုင်ဆီရာတော့ (အလျား ၆.၁ မီတာ)
ဂါဗီယယ်မိကျောင်း (အလျား ၇ မီတာ)
ရက်ဒဝု (အမြင့် ၁၂၀ မီတာ)
အစွယ်ပါပင်လယ်ဖျံကြီး
(အလျား ၃.၇ မီတာ)
ပင်လယ်ခူ
(အလျား ၁၅ ဆင်တီမီတာ)
ပုစွန်တုပ်
(အလျား ၃၆ ဆင်တီမီတာ)
ကဏန်းကြီးမျိုး
(အနံ ၄၀ ဆင်တီမီတာ)
ကင်းမွန်ကြီးမျိုး (အလျား ၄.၅ ဆင်တီမီတာ)
အစ်သီအိုဆောရတ် (အလျား ၂.၁ မီတာ)
လင်းပိုင် (အလျား ၂ မီတာ)
ခုံးကောင်ကြီး (အနံ ၁ မီတာ)
ပင်လယ်ရေမှော် (အလျား ၁၀ မီတာ)

ကလေး သူငယ်များ အတွက်

# သုတ ရတနာ သိုက်

## ကမ္ဘာဦး သက်ရှိများ

ကိုဒန်းရှား၏

ကလေးသူငယ်များအတွက်

ရောင်စုံစွယ်စုံကျမ်း မူရင်းကိုမှီး၍

အက်ဖ်အီးပီ အင်တာနေရှင်နယ် ပီတီအီးလီမိတက်က

တည်းဖြတ်သည့် မူကို

အဆင့်မြင့်ပညာဦးစီးဌာနနှင့်
တိုင်း-လိုက်ဖ် စာအုပ်တိုက်တို့က
မြန်မာပြန်ဆိုထုတ်ဝေသည်။

ဟေသာ ယုမွန်

ပထမပုံနှိပ်ခြင်း    အုပ်ရေ ၅၀၀၀၀
၁၉၈၄ ခုနှစ်    ဩဂုတ်လ

# အမှာစာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်များ ဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ **ကလေးသူငယ်များအတွက် သုတရတနာသိုက်** ဟူသောအမည်ဖြင့် ဤကျမ်းကို ပညာရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါကျမ်း၏မူရင်းမှာ Kodansha ကုမ္ပဏီမှ ဂျပန်ဘာသာဖြင့် ထုတ်ဝေသော ရောင်စုံစွယ်စုံကျမ်းဖြစ်ပါသည်။ ထိုစွယ်စုံကျမ်းကိုမှီး၍ Far East Publication International Pte Limited မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော The Children's Treasury of Knowledge ကျမ်းကို အဆင့်မြင့်ပညာဦးစီးဌာနနှင့် Time-Life စာအုပ်ကုမ္ပဏီတို့ပူးတွဲ၍ မြန်မာပြန် ကျမ်း တစ်စောင်အဖြစ် ရောက်အောင် ကြိုးပမ်းကြခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနက ဤသို့စီစဉ်ထုတ်ဝေရာ၌ နိုင်ငံတော်၏ပညာရေးကို ကမ္ဘာ့ပညာရေးအဆင့်မီစေရန် ကြိုးပမ်းနေသည့်အားလျော်စွာ မြန်မာကလေးသူငယ်များသည် ကျောင်းပြဋ္ဌာန်းစာများအပြင် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကိုလည်း အလွယ်တကူ ရယူဆည်းပူးနိုင်ကြပါစေဟူသော အာသီသထားရှိပါသည်။

ဤ **သုတရတနာသိုက်** တွင်–

၁။ ယူနီဗာ့ဆ်နှင့် ရာသီဥတု
၂။ အပင်များ
၃။ ကမ္ဘာဦးသက်ရှိများ
၄။ ရေအောက်သက်ရှိများ
၅။ အင်းဆက်ပိုးများ
၆။ တိရစ္ဆာန်များ
၇။ သင်္ချာ
၈။ အီလက်ထရွန်နစ်နှင့် စွမ်းအင်
၉။ ပို့ဆောင်ရေးယာဉ်များ
၁၀။ ဝါသနာပါရာ အပန်းဖြေစရာ

ဟူ၍ ဝိဇ္ဇာသိပ္ပံအသိပညာ အတတ်ပညာ စသည့် သုတရတနာများ ပါဝင်ကြပါသည်။ ထိုသုတရတနာများ သိုမှီးရာဖြစ်သောကြောင့် ကျမ်း၏အမည်ကို **သုတရတနာသိုက်** ဟူ၍ မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ဤကျမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မွန်မြတ်သောစေတနာဖြင့် ပြန်ဆိုကြသော ဆိုင်ရာဆိုင်ရာ ပညာရှင်ပုဂ္ဂိုလ်ကြီးများသည် စေ့စပ်သေချာစွာ ပြန်ဆိုစိစစ်ကြပါသည်။ သို့သော် ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ တိတိကျကျ ပြန်ဆိုရန်မှာ မလွယ်ကူလှသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ တစ်ဘာသာနှင့် တစ်ဘာသာမှာ အနက်အဓိပ္ပာယ် အကျယ်အကျဉ်း အနက်အတိမ် စသည့် ခြားနားမှုများရှိမြဲဖြစ်ရာ မူရင်းအဓိပ္ပာယ် တိကျစေရန် အချို့အချို့သော မူရင်းဘာသာစကားလုံးများကို မြန်မာဘာသာသို့ မပြန်ဆိုပဲ

အသံမျှသာ ဖလှယ်ထားပါသည်။ ဤသို့ အသံဖလှယ်ထားခြင်းကြောင့် မူရင်းဘာသာစကားနှင့် ရင်းနှီးမှု အကျိုးကိုလည်း ကလေးသူငယ်များ ရရှိနိုင်ပါသည်။

ပညာရှင်များ ယခုသုံးထားသော စကားလုံးများနှင့် အဓိပ္ပာယ်များထက် ပိုမိုကောင်းမွန်သင့်မြတ်သည့် စကားလုံးများ အဓိပ္ပာယ်များကို ဤကျမ်းကို လေ့လာဖတ်ရှုသူများက အကြံပေးစေလိုပါသည်။ ထိုသို့ အကြံပေးချက်များကို လေးလေးစားစား လေ့လာပြီး ဆီလျော်သည့်အချက်အလက်နှင့် စကားလုံးများကို အစားထိုးပြောင်းလဲရန် အသင့်ဖြစ်ပါသည်။

ဤကျမ်းတွင် ပါဝင်သည့် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကို လိုသလိုရွေးနုတ်၍ ဆည်းပူးနိုင်ကြပါသည်။ ကလေးသူငယ်များအတွက်ဟု ဆိုသော်လည်း ဤကျမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် ကလေးလူကြီးမရွေး ဗဟုသုတပွားများ၍ အသိဉာဏ်များ ပိုမိုအားကောင်းလာကြမည်။ ထိုထက် တစ်ဆင့်တက်၍ သိလိုစိတ် စူးစမ်းရှာဖွေလိုစိတ်နှင့် သုတပွားလိုစိတ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာကြပါက ဤကျမ်းထုတ်ဝေရခြင်း၏ရည်ရွယ်ချက်အောင်မြင်သည်ဟု မှတ်ယူရပေမည်။

ပညာရေးဝန်ကြီးဌာန

# မာတိကာ


စာမျက်နှာ

ကျောက်ဖြစ်ရုပ်ကြွင်းများ ၇

ကမ္ဘာပေါ်တွင် သက်ရှိများစတင်ဖြစ်ပေါ်ခြင်း ၈

နှစ် သန်းပေါင်း ၁၀၀၀ ခန့်က သက်ရှိများ ၉

ကမ်ဗရီယန်ယုဂ်သက် ရှိများ ၁၀

ထရိုင်လိုဗိုက်များ၊ ထရိုင်လိုဗိုက်အမျိုးမျိုး၊ ကမ္ဘာဦးလီမျုလတ်၊ ကမ္ဘာဦးကင်းမြီးကောက်

အော်ဒိုဗစ်စီယန်ပင်လယ်မှ ကျောရိုးမဲ့သတ္တဝါများ ၁၄

ရှေးဦးအပင်များ ၁၅

ကျောရိုးရှိသတ္တဝါများ ပေါ်ပေါက်လာခြင်း ၁၇

ငါးတို့၏ဆင့်ကဲဖြစ်စဉ်၊ ဗာကီးနီးယား၊ ဒိုင်နစ်သိုင်း၊ လမ်ပရီငါး၊ ယခုခေတ်ငါးများ၊ စီလာကန့်ငါး၊ ယူသီနေ့ာတရွန်

ကုန်းနေရေနေသတ္တဝါတို့၏ ဆင့်ကဲဖြစ်စဉ် ၂၃

ရှေးဦး ကုန်းနေရေနေသတ္တဝါများ၊ ဒစ်ပလိုကောလတ်၊ ဆယ်လာမင်ဒါများ၊ ဆီမောရီးယား

တွားသွားသတ္တဝါတို့၏ ဆင့်ကဲဖြစ်စဉ် ၂၈

ပထမဦးဆုံးတွားသွားသတ္တဝါများ၊ ဒိုင်မက်ထရိုဒွန်၊ သီကိုဒွန့်များ၊ ဒိုင်နိုဆောများ၊ ဒိုင်နိုဆောများ ပျောက်ကွယ်သွားခြင်း၊ ပင်လယ်နေ တွားသွားသတ္တဝါများ၊ ပျံနိုင်သော တွားသွားသတ္တဝါများ၊ မျက်မှောက်ခေတ် တွားသွားသတ္တဝါများ

ငှက်များ ပေါ်ပေါက်လာခြင်း ၅၈

မပျံနိုင်သောငှက်များ

နို့တိုက်သတ္တဝါတို့၏ ဆင့်ကဲဖြစ်စဉ် ၆၁

ဆိုင်နိုနသတ်၊ ဘဲတူဖျံတူနှင့်ကင်ဂရူးသားပိုက်ကောင်၊ ဂလိုင်ပတိုဒွန့်နှင့် ပုရွက်စားကောင်ကြီးများ၊ ဖီနာကိုဒတ်၊ ကော်ရီဖိုဒွန်၊ တိုင်တာနိုသီရီး၊ ယူအင်တာသီရီယမ်၊ အာဆီနွိုင်သီရီယမ်၊ ကုလားအုတ်များ၊ မြင်းတို့၏ ဆင့်ကဲဖြစ်စဉ်၊ ဒက်စမိုစတိုင်လတ်၊ အယ်လိုဒက်စမတ်၊ ဆီးကောင်း(ရေဝက်မျိုး)၊ ဝေလငါးများ၊ ဆင်တို့၏ ဆင့်ကဲဖြစ်စဉ်၊ ကြံ့များ၊ မက်ခရောချီးနီးယား၊ တောက်ဆိုဒွန်၊ မိဂါလိုဆီရော့၊ ဓားကောက်ပုံစွယ်သွားပါကြောင်များ၊ ဂရောင်းစလေ့ာဝက်ဝံကြီးများ

ရေခဲခေတ် ၈၈

ပရိုင်းမိတ်များ ၉၀

အပင်နေမျောက်၊ လီမာမျောက်၊ တာဆီယာ၊ မျောက်များ၊ မျောက်ဝံများ၊ လူ၏ဆင့်ကဲဖြစ်စဉ်

အပင်တို့၏ဆင့်ကဲဖြစ်စဉ် ၁၀၂

ကာဗွန်နီဖရတ်ယုဂ်အပင်များ၊ သက်လယ်ကပ်အပင်များ၊ သက်နှောင်းကပ်အပင်များ၊ အပွင့်ပွင့်သော အပင်များ

မြောက်အမေရိကတိုက်ရှိ ကတ္တရာအိုင်များ ၁၀၉

နိဂုံး ၁၁၀

ဝေါဟာရစာရင်း ၁၁၁

# ကျောက်ဖြစ် ရုပ်ကြွင်းများ

ကျောက်ဖြစ်ရုပ်ကြွင်းဆိုသည်မှာ သမိုင်းမတင်မီအချိန်ကပေါ် ပေါက်ခဲ့ကြသော သတ္တဝါနှင့်အပင်တို့၏အကြွင်း အကျန်များ ကျောက်ဖြစ်နေကြခြင်းကိုခေါ်သည်။ ၎င်းတို့ကိုလေ့လာခြင်းဖြင့် သက်ရှိတို့မည်သို့စတင်ဖြစ်ပေါ်ပြီး မည်သို့ ပြောင်းလဲခဲ့ကြသည်စသော အချက်များကို သိနိုင်၏။ ယေဘုယျအားဖြင့် သက်ရှိတို့၏ မာသော အစိတ်အပိုင်းများသာ ကျောက်ဖြစ်လေ့ရှိ၏။ ဥပမာ- ခရုခွံ၊ အရိုးနှင့် သစ်သားတို့ဖြစ်သည်။ ကျောက်သားများတွင် ထင်ကျန်ရစ်သော သတ္တဝါတို့၏ခြေရာများသည်လည်း ကျောက်ဖြစ်ရုပ်ကြွင်းများပင် ဖြစ်ကြသည်။ တခါတရံ သတ္တဝါတို့၏ ခန္ဓာကိုယ်တစ်ခုလုံးကို ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် တွေ့ရသည်။




အမေရိကန်သဘာဝသမိုင်းပြတိုက်တွင် မူလအရွယ်အတိုင်း ပြန်လည် တပ်ဆင်ထားသော တိုင်ရန်နိုဆောရတ်

# ကမ္ဘာပေါ်တွင် သက်ရှိများ စတင်ဖြစ်ပေါ်ခြင်း

ကမ္ဘာကြီးသည် လွန်ခဲ့သော နှစ် သန်းပေါင်း ၄၇၀၀ ခန့်က စတင် ဖြစ်ပေါ်ခဲ့သည်။ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်တို့က သက်ရှိတို့သည် လွန်ခဲ့သော နှစ် သန်းပေါင်းနှစ်ထောင်ကျော်က စတင်ဖြစ်ပေါ်ခဲ့ကြသည်ဟု ယုံကြည်ကြသည်။ ပထမဦးဆုံးကျောက်ဖြစ်ရုပ်ကြွင်းများသည် သက်တမ်းအားဖြင့် နှစ် သန်းပေါင်း တစ်ထောင်ကျော်ခန့်ရှိပြီ ဖြစ်သည်။ ၎င်းတို့မှာ ရေတွင်ပေါက်ရောက်ခဲ့သည့် ကမ္ဘာဦး အပင်များဖြစ်ကြသည်။ရှေးဦးစွာပေါ် ပေါက်ခဲ့ဟန်ရှိသော သက်ရှိတို့မှာ ဆဲလ်တစ်ခုတည်းသာပါသည့် 'အမီးဗား'ကဲ့သို့သော သတ္တဝါများ ဖြစ်သည်။ ၎င်းတို့ကို 'မိုက်ခရိုစကုပ်'ဖြင့် ကြည့်မှသာ မြင်နိုင်သည်။



# နှစ် သန်းပေါင်း ၁၀၀၀ ခန့်က သက်ရှိများ

သာမန်မျက်စိဖြင့်မြင်နိုင်သောသက်ရှိတို့သည် လွန်ခဲ့သည့်နှစ် သန်းတစ်ထောင်ခန့်ကစ၍ ပေါ်ပေါက်ခဲ့ကြသည်။ ၎င်းတို့သည် ကျောရိုးမဲ့များဖြစ်ကြ၏။ ထိုအချိန်က အပင်များသည် အလွန်ရှေးကျပြီး ယခုခေတ် 'အယ်လဂျီ'နှင့် သဏ္ဌာန်တူသည်။ ထိုအချိန်က အပင်နှင့် သတ္တဝါတို့သည် ရေထဲတွင်သာ ဖြစ်ထွန်းခဲ့ကြ၏။ ကုန်းမြေတွင် သက်ရှိတို့ လုံးဝ မရှိကြသေးပေ။ နှစ်သန်းတစ်ထောင်ခန့်က ဖြစ်ပေါ်ခဲ့သော ထိုသက်ရှိတို့တွင် မာကျောသော အစိတ်အပိုင်းများ မပါရှိကြသဖြင့် ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ် များစွာ မတွေ့ရပေ။



# ကမ်ဗရီယန်ယုဂ် သက်ရှိများ

‘ကမ်ဗရီယန်’ယုဂ်သည် လွန်ခဲ့သောနှစ် သန်း ၆၀၀ ခန့်ကစတင်ခဲ့ပြီး နှစ် သန်း ၁၀၀ ခန့် ကြာခဲ့၏။ ထိုသက်တမ်းအချိန်ကို အများအားဖြင့် “သက်ရှိများခေတ်”ဟု ခေါ်ကြသည်။ အများဆုံးတွေ့ရသော ရေသတ္တဝါတို့မှာ ‘ထရိုင်လိုဗိုက်’ များဖြစ်ကြ၏။ ၎င်းတို့သည် အခွံပါကျောရိုးမဲ့များဖြစ်ပြီး အဆစ်များဖြင့်ပြီးသော ခြေချောင်းများ ပါရှိသည်။ အခြား ရေသတ္တဝါတို့မှာ ပင်လယ်ခူ၊ ရေမြှုပ်၊ ယောက်သွား၊ ပင်လယ်ရေမှော်နှင့် ‘အယ်လဂျီ’ တို့ ဖြစ်ကြသည်။



# ထရိုင်လိုဗိုက်များ

‘ထရိုင်လိုဗိုက်’သည် ပြားချပ်၍ ဘဲဥပုံခန္ဓာကိုယ်ရှိပြီး ၎င်းကို အခွံဖြင့် ဖုံးထားသည်။ ခန္ဓာကိုယ်တွင် အလျားလိုက် ဖုလုံးသုံးပိုင်းပါရှိ၍ ထရိုင်လိုဗိုက်ဟုခေါ်ခြင်း ဖြစ်၏။ ဖုလုံး သုံးပိုင်းပါသော သတ္တဝါဟု အဓိပ္ပာယ်ရသည်။ ၎င်းတွင် ထင်ရှားသော ဦးခေါင်း၊ ခန္ဓာကိုယ်နှင့် အမြီးတို့ ပါရှိသည်။ ဦးခေါင်းထိပ်တွင် အမျှင်တန်းနှစ်ခုရှိ၏။ အဆစ်များဖြင့်ပြီးသော ခြေချောင်းများစွာလည်း ပါရှိသည်။ ထရိုင်လိုဗိုက်တို့သည် အရေခွံလဲသော သတ္တဝါများဖြစ်ကြ၏။ ရန်သူနှင့် ရင်ဆိုင်တွေ့သောအခါ ခန္ဓာကိုယ်ကို ကျောက်ခဲတုံးကဲ့သို့ လုံးဝန်းသွားအောင် ကျစ်လျစ်စွာ လိပ်ထားတတ်ကြသည်။




ထရိုင်လိုဗိုက်ကျောက်ဖြစ်ရုပ်ကြွင်း



ထရိုင်လိုဗိုက်မျက်လုံးသည် ဦးခေါင်းထိပ် နှဘားဘက်တွင်ရှိပြီး ပါးစပ်နှင့် ခြေချောင်း များသည် ခန္ဓာကိုယ် အောက်ဘက်တွင် ရှိသည်။



## ထရိုင်လိုဗိုက် အမျိုးမျိုး

'ထရိုင်လိုဗိုက်'မျိုးစုံ ရှိသည်။ အများအားဖြင့် ၄ ဆင်တီမီတာမှ ၁၀ ဆင်တီမီတာအထိ ရှည်သည်။ အချို့ ဆင်တီမီတာ ၅၀ အထိ ရှည်သည်။ အချို့ ထရိုင်လိုဗိုက်တို့သည် မျက်ကန်းများဖြစ်သည်။ အများစုတွင် သာမန်မျက်လုံး ရှိ၍ အချို့တွင် (မျက်လုံးငယ်လေးများစုနေသည့်) စုပေါင်းမျက်လုံး ရှိသည်။ အချို့သည် ရေကူးနိုင်ကြသော်လည်း အချို့ရေမကူးနိုင်ကြ၊ ပင်လယ်ကြမ်းပြင်တွင်သာ နေ၍ ရွှံ့တွင်းမှ အစာကို ရှာစားကြ၏။ အချို့ အကောင်တို့၏ ကျောဘက်တွင် ရှည်လျားချွန်ထက်သော ဆူးတောင်များပါပြီး အချို့မှာမပါပေ။



ထရိုင်လိုဗိုက်ကျောက်ဖြစ်ရုပ်ကြွင်းများ

### ကမ္ဘာဦးလီမျူလတ်

ကမ္ဘာဦး'လီမျူလတ်'တို့သည် ပူနွေးသောပင်လယ်ရေတိမ်နေ သတ္တဝါများ ဖြစ်ကြ၍ ထရိုင်လိုဗိုက်များ၊ ကင်းမြီးကောက်များနှင့် ဆင်တူသည်။ ရှေးဟောင်း ဂရိလူမျိုးတို့၏ ဦးထုပ်နှင့်တူသည့် မာကျော လုံးဝန်းသော အခွံပါပြီး အမြီးရှည်လျားချွန်ထက်၏။ အရွယ်အားဖြင့် ၁၅ ဆင်တီမီတာမှ ဆင်တီမီတာ ၅၀ အထိ ရှိသည်။



နှစ် သန်း ၂၅၀ ခန့်က လီမျူလတ်



နှစ် သန်း ၁၀၀ ခန့်က လီမျူလတ်

### ပီလားကောင်



ယခုခေတ် ပီလားကောင်တို့သည် ကမ္ဘာဦး လီမျူလတ်များမှ ဆင်းသက် လာကြသည်။ ၎င်းတို့တွင် ကမ္ဘာဦး လီမျူလဘ်များမှာကဲ့သို့ မာကျောလုံးဝန်းသော အခွံနှင့် ရှည်လျားချွန်ထက်သောအမြီး ပါသည်။ ယခုအချိန်တွင် ပီလားကောင်တို့သည် နည်းပါးလာကြပြီ ဖြစ်၏။

# ကမ္ဘာဦး ကင်းမြီးကောက်

ကမ္ဘာဦးကင်းမြီးကောက်တို့သည် လွန်ခဲ့သော နှစ် သန်းပေါင်း ၄၀၀ ခန့် သက်ဦးကပ်အလယ်ပိုင်းက ကျက်စားခဲ့ကြသည်။ ရေနေသတ္တဝါများ ဖြစ်သည်။ ရေတွင် ကျင်လည်စွာကူးခပ်နိုင်သည်။ ခန္ဓာကိုယ်တွင် အဆစ်များပါရှိ၏။ ဦးခေါင်းထိပ်တွင် ရှည်လျားသော လက်မနှစ်ချောင်းရှိပြီး အစာဖမ်းယူရန် အသုံးပြုသည်။ ခန္ဓာကိုယ်အဆုံးတွင် ပြားချပ်သော အမြီးရှိပြီး ရေကူးရာ၌ အသုံးပြုသည်။ ကမ္ဘာဦးကင်းမြီးကောက်တို့သည် အရွယ်ကြီးမား၏။ တခါတရံ ၂ မီတာမှ ၃ မီတာအထိ ရှည်သည်။



ကမ္ဘာဦးကင်းမြီးကောက်

ယခုခေတ် ကင်းမြီးကောက်



## ယခုခေတ် ကင်းမြီးကောက်

ယခုခေတ် ကင်းမြီး ကောက် တို့ သည် ၃ ဆင်တီမီတာမှ ၅ ဆင်တီမီတာအထိသာ ရှည်သည်။ ပူနွေးခြောက်သွေ့သောနေရာများတွင် နေကြ၏။ အထူးသဖြင့် သဲကန္တာရများတွင် တွေ့ရသည်။ ရှည်လျားသော အမြီး ပါရှိပြီး ၎င်းထိပ်တွင် တုတ်ခိုင်သော ဆူး ပါသည်။ ကိုက်လျှင် လွန်စွာ နာကျင်သော်လည်း များသောအားဖြင့် မသေစေနိုင်ပေ။ ကမ္ဘာဦး ကင်းမြီးကောက်များမှာကဲ့သို့ပင် ယခုခေတ် ကင်းမြီးကောက်တို့တွင် ရှည်လျားသော လက်မနှစ်ချောင်း ပါရှိသည်။

# အော်ဒိုဗစ်စီယန်ပင်လယ်မှ ကျောရိုးမဲ့သတ္တဝါများ

'အော်ဒိုဗစ်စီယန်'ယုဂ်သည် လွန်ခဲ့သည့် နှစ် သန်း ၅၀၀ ခန့်မှ အစပြုသည်။ ကာလအားဖြင့် နှစ် သန်း ၇၀ ခန့် ကြာခဲ့သည်။ ထိုအချိန်က ပင်လယ်နေ ကျောရိုးမဲ့သတ္တဝါများသာ ပေါ်ပေါက်ခဲ့ကြသေးသည်။အပေါ်များဆုံးတွေ့ရသောသတ္တဝါတို့မှာ 'ခရိနွိုက်'နှင့်'နောတီးလွိုက်' တို့ဖြစ်ကြ၏။ အော်ဒိုဗစ်စီယန်ယုဂ်အကုန် 'ဆိုင်လူရီယန်'ယုဂ်အစပိုင်းတွင် ကျောရိုးရှိသတ္တဝါများ စတင်ပေါ်ပေါက်လာကြ၏။ ၎င်းတို့မှာ ငါးနှင့် သဏ္ဌာန်တူကြသည်။



# ရှေးဦး အပင်များ

ရှေးဦးအပင်များသည် လွန်ခဲ့သည့် နှစ် သန်း ၂၀၀၀ ခန့် ‘ကမ်ဗရီယန်အကြို’ ယုဂ် မှစ၍ ပေါ်ပေါက်ခဲ့သည်။ ရေတွင် ပေါက်သော အပင်များဖြစ်ကြ၍ သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။ အရွက်၊ ပင်စည်နှင့် အမြစ်များ မရှိကြ၊ ရေတွင်မျောပါနေသော အပင်များသာဖြစ်၏။ ‘ကမ်ဗရီယန်’ ယုဂ်တွင် ပိုအဆင့်မြင့်သောအပင်များ ပေါ်ပေါက်လာကြသည်။ ‘အော်ဒိုဗစ်စီယန်’ ယုဂ်တွင် အပင်များသည် ကုန်းပေါ်၌ ပထမဦးဆုံး စတင်ပေါက်ရောက်လာကြသည်။ လွန်ခဲ့သော နှစ် သန်း ၄၀၀ ခန့်က ‘ဒီဗိုနီယန်’ ယုဂ်တွင် ပိုအဆင့်မြင့်သောအပင်များ ဖြစ်ကြသည့် ရေညှိပင်၊ ‘ဖန်း’ ပင်နှင့် ‘လီဗာဝပ်’ ပင်တို့ ပေါက်ရောက်ခဲ့ကြသည်။




‘ဖိုတိုဆင်းသဆစ်’ နည်းအရ အပင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ရေကို အစာအဖြစ် ချက်လုပ်ရန် နေရောင်ကိုအသုံးပြုကြရသည်။ သတ္တဝါတို့သည်အပင်များကို စားသုံးကြရ၏။ ကမ္ဘာဦးအချိန်က သတ္တဝါတို့ကို များပြားစွာတွေ့ရခြင်းဖြင့် အပင်များသည်လည်း ပေါများစွာ ပေါ်ပေါက်ခဲ့ကြကြောင်းသိရသည်။

## ငါးတို့၏ဆင့်ကဲဖြစ်စဉ်







ပထမဦးဆုံးကျောရိုးရှိ သတ္တဝါတို့သည် 'အော့စထရာကိုဒမ်'နှင့် 'ပလေကိုဒမ်' တို့ ဖြစ်ကြသည်။ ဤရှေးကျသော ငါးတို့၏ခန္ဓာကိုယ်တွင် အရိုးနုများပါပြီး အခွံမာချပ်ပြားများဖြင့် ဖုံးအုပ်ထားသည်။ 'အော့စတစ်သိုင်း' တို့သည် အရိုးမာငါးအုပ်စုဖြစ်ပြီး 'ခွန်ဒရစ်သိုင်း'တို့မှာ အရိုးနုငါးအုပ်စုဖြစ်သည်။ ထိုနှစ်မျိုးစလုံးသည် ပလေကိုဒမ်များမှ ဆင်းသက်လာကြသည်။ ၎င်းတို့သည် 'ဒီဗိုနီယန်'ယုဂ် အကုန်မှစ၍ ပေါ်ပေါက်ခဲ့ကြ၏။ ခွန်ဒရစ်သိုင်းအုပ်စုတွင် ယခုခေတ် ငါးမန်းနှင့် ငါးလိပ်ကျောက်တို့ ပါဝင်သည်။အော့စတစ်သိုင်းအုပ်စုမှာ ပိုများသောငါးအုပ်စုဖြစ်ပြီး ယခုခေတ်တွေ့ရသော'တယ်လီယိုစတေး' ငါးအုပ်စုတို့ပါဝင်သည်။ အော့စတစ်သိုင်းတို့ကို နှစ်မျိုးတွေ့ရ၏။ ပထမအမျိုးသည် 'ဒစ်ပနွိုင်း' သို့မဟုတ် အဆုတ်ပါငါးအုပ်စု ဖြစ်သည်။ ဒုတိယအမျိုးမှာ 'ခရော့ဆိုတယ်ရီဂျီး' အုပ်စုဖြစ်ပြီး အသားစိုင်များဖြင့်ပြီးသော ဆူးတောင်များ ပါသည်။ ထိုအုပ်စုမှ ကုန်းနေရေနေသတ္တဝါများ ဆင်းသက်လာကြသည်။

## ဗာကီးနီးယား



'ဗာကီးနီးယား'သည် ရှေးကျသော အော့စထရာကိုဒမ်ငါးဖြစ်သည်။ ခန္ဓာကိုယ်သည် အရိုးမာ ချပ်ပြားများဖြင့် ဖုံးအုပ်နေ၏။ ဆူးတောင်မပါ။ ကျောကုန်းတလျှောက် ဆူးချွန်များသာရှိ၏။ ငါးအမြီးနှင့်တူသော အမြီးပါရှိ၏။

# ကျောရိုးရှိ သတ္တဝါများ ပေါ်ပေါက်လာခြင်း

ပထမဦးဆုံးကျောရိုးရှိသတ္တဝါတို့သည် 'အော်ဒိုဗစ်စီယန်'ယုဂ် အကုန်တွင် ပေါ်ပေါက် လာကြသည်။ ၎င်းတို့သည် ငါးနှင့်တူသော မေးရိုးမဲ့သတ္တဝါများ ဖြစ်ကြ၍ 'အော့စထရာကိုဒမ်' ဟု ခေါ်သည်။ ခန္ဓာကိုယ်တွင် အခွံမာချပ်ပြားများဖြင့် ဖုံးအုပ်နေ၏။ ဆူးတောင်များ မရှိကြသေးပေ။ ၎င်းတို့နှင့် အနီးစပ်ဆုံးသော ယခုခေတ်ငါးမှာ မေးရိုးမဲ့ငါးရှဥ့်မျိုး ဖြစ်သည်။ မေးရိုးရှိ ငါးတို့မှာ 'ပလေကိုဒမ်' အုပ်စုများဖြစ်ပြီး 'ဆိုင်လူရီယန်'ယုဂ် နောက်ပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့ကြသည်။ ပလေကိုဒမ်တို့၏ ခန္ဓာကိုယ်တွင် အခွံမာချပ်ပြားများဖြင့် ဖုံးအုပ်နေ၏။ ဆူးတောင် အစုံလိုက် ရှိကြ၏။



# ဒိုင်နစ်သိုင်း

'ဒိုင်နစ်သိုင်း'သည် ကြီးမားသော 'ပလေကိုဒမ်' ငါးမျိုးဖြစ်၍ 'ဒီဗိုနီယန်'ယုဂ် နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည်။ ၁၀ မီတာမှ ၁၂ မီတာအထိရှည်၍ ထိုအချိန်က အကြီးမားဆုံးသော သတ္တဝါဖြစ်ခဲ့သည်။ ၎င်း၏ဦးခေါင်းသည် ကြီးမား၍ ထူထဲသိပ်သည်းသော အရိုးဖြင့်ပြီးသည့် သန်မာချွန်ထက်သော မေးရိုး ပါ၏။ ဤမေးရိုးဖြင့် သားကောင်များကို မျိုနိုင်သည်။ ဒိုင်နစ်သိုင်းတို့တွင် သန်မာသောအမြီးနှင့် ရှေ့ဆူးတောင်များလည်းရှိကြ၍ လျင်မြန်စွာ ရေကူးနိုင်သော သတ္တဝါများ ဖြစ်သည်။ ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်ပြည်ထောင်စု၊ အိုဟိုင်းအိုပြည်နယ်ရှိ ကလီးဗလင်းဒေသတွင် တွေ့ရသည်။



ဒီဗိုနီယန်ပင်လယ်မှ ကြောက်မက်ဖွယ် ဒိုင်နစ်သိုင်း



ကော့ကိုစတီးယ

'ကော့ကိုစတီးယ'သည် ဒိုင်နစ်သိုင်းနှင့် ဆင်တူသော်လည်း အရွယ်သေးသည်။ ဆင်တီမီတာ ၄၀ ခန့်သာ ရှည်၏။ လည်ပင်းသည် အဆစ်များဖြင့်ပြီး၍ ဦးခေါင်းကို လှုပ်ရှားနိုင်သည်။ ကြီးမားသောမျက်လုံးကို အရိုးမာချပ်ပြားများ ဝန်းရံထားသည်။

# လမ်ပရီငါး

'လမ်ပရီ'ငါးသည် ကမ္ဘာဦးအချိန်က ကျောရိုးရှိ သတ္တဝါဖြစ်၏။ စတင်ပေါ်ပေါက်သည်မှ ယခုခေတ်တိုင်အောင် များစွာပြောင်းလဲခြင်း မရှိခဲ့ပေ။ ၎င်းသည် မေးရိုးမဲ့ဖြစ်၍ ငါးရှဉ့်နှင့် ပုံသဏ္ဌာန်တူသည်။ ပျော့ပျောင်းလုံးဝိုင်းသော ပါးစပ်ပါပြီး သားကောင်၏ ခန္ဓာကိုယ်မှ သွေးကို စုပ်ယူတတ်သည်။ ဦးခေါင်း၏ ဘေးတစ်ဘက်တစ်ချက်တွင် ပါးဟက်များ ရှိ၏။ အစာပါသော ရေကို ပါးစပ်မှမျိုချပြီး အစာကိုယူထား၍ ရေကို ပါးဟက်များမှ ပြန်ထုတ်ပစ်သည်။



လမ်ပရီငါးသည် ငါးသိုင်းကို ပါးစပ်ဖြင့်တွယ်ကပ်ပြီး သွေးစုပ်နေပုံ



မာကျောသောသွားများပါသည့် လမ်ပရီငါး၏ပါးစပ်



ပါးဟက်များပါသော လမ်ပရီငါး၏ခန္ဓာကိုယ်



ဖန်ဗူးထဲတွင်တွေ့ရသော လမ်ပရီငါးများ

# ယခုခေတ်ငါးများ

ယခုခေတ်တွင် ငါးမျိုးစုံ ရှိကြ၏။ မြစ်ချောင်းအင်းအိုင်နှင့် ပင်လယ်များတွင် နေကြသည်။ ရေငန်ငါးများသည် ရေချိုငါးများနှင့် အမျိုးအစား ကွဲပြား၏။ ငါးကြင်းနှင့် ခြင်စားငါးတို့သည် ရေချိုငါးမျိုးဖြစ်ပြီး 'ဆာဒင်း'ငါးနှင့် ငါးပြားတို့မှာ ရေငန်ငါးမျိုး ဖြစ်၏။ အချို့ငါးတို့သည် အရိုးမာသောငါးဖြစ်ပြီး အချို့မှာ အရိုးနုများဖြင့် ဖွဲ့စည်းထားသော ငါးများဖြစ်ကြသည်။ အရိုးမာငါးတို့မှာ အမျိုးအစား ပိုများသည်။









# စီလာကန့်ငါး

'စီလာကန့်'ငါးတို့သည် တောင်အာဖရိကကမ်းလွန်ရှိ အိန္ဒိယသမုဒ္ဒရာ ရေနက်ပိုင်းများတွင် နေကြသည်။ အရှည် ၁.၅ မီတာ ရှိပြီး ကီလိုဂရမ် ၅၀ ခန့် လေး၏။ စီလာကန့်၏ ရှေ့ဆုံးတောင်နှင့် နောက်ဆုံးတောင်တို့သည် အရိုးများဖြင့် ဖွဲ့စည်းထားပြီး အပေါ်က အသားစိုင်များဖြင့် ဖုံးအုပ်ထားသည်။ ၎င်းသည် သမုဒ္ဒရာကြမ်းပြင်တွင် ဆူးတောင်များဖြင့် ထောက်၍ သွားလာတတ်ကြသည်။

စီလာကန့်ငါးတို့သည် 'ဒီဗိုနီယန်' ယုဂ်တွင် စတင်ပေါ်ပေါက်ခဲ့ကြပြီး 'ကာဗွန်နီဖရတ်' ယုဂ် တွင် ပျောက်ကွယ်သွားကြသည်ဟု ယခင်က ယုံကြည်ခဲ့ကြ၏။ ၁၉၃၈ ခုနှစ်တွင် တောင်အာဖရိကကမ်းလွန်၌ စီလာကန့် ငါးတစ်ကောင်ကို ဖမ်းဆီးရမိခဲ့ရာ များစွာ အံ့အားသင့်ခဲ့ကြရသည်။ ၎င်းကို ပါမောက္ခ ဂျေ အယ် ဘီ စမစ်က လေ့လာခဲ့ရာ ငါးမှာ ပုပ်သိုးပျက်စီးနေပြီဖြစ်၍ ၎င်း၏ အကြောင်းကို များစွာ မသိခဲ့ရပေ။ နှစ်အနည်းငယ် အကြာတွင် စီလာကန့်ငါးများကို ထပ်မံဖမ်းဆီးရမိပြန်ရာ ၎င်းတို့အကြောင်းကို ပိုမို လေ့လာနိုင်ခဲ့သည်။



စီလာကန့်ငါး၏ မေးရိုး



စီလာကန့်ငါး

# ယူသီနော့တရွန်

‘ယူသီနော့တရွန်’သည် အသားစိုင်များဖြင့် ဖွဲ့စည်းထားသော ဆူးတောင်ရှိသည့် ငါးတစ်မျိုး ဖြစ်ပြီး ၀.၅ မီတာမှ ၁ မီတာ အထိ ရှည်သည်။ ၎င်းတွင် အတွင်းနှာခေါင်းပေါက်နှင့် အဆုတ်ပါရှိပြီး ကုန်းပေါ်တွင် အသက်ရှူနိုင်၏။ သန်မာသော ဆူးတောင်နှစ်စုံလည်းပါရှိသည်။ ဆူးတောင်တို့နှင့် ဦးခေါင်း၏အတွင်းပိုင်း အရိုးစုဖွဲ့စည်းပုံသည် ရှေးကျသော ကုန်းနေရေနေသတ္တဝါတို့၏ ခြေလက်နှင့် ဦးခေါင်းပိုင်းအရိုးစုတို့ဖွဲ့စည်းပုံနှင့် တူသဖြင့် ရှေးဦး ကုန်းနေရေနေသတ္တဝါတို့သည် ယူသီနော့တရွန်တို့မှ ဆင်းသက်လာကြောင်း ယုံကြည်ရသည်။



ယူသီနော့တရွန်ငါး၏ အရိုးစုပုံ၊ ၎င်း၏ သိပ်သည်း ခိုင်မာသော အရိုးဖွဲ့စည်းပုံကို ဆူးတောင်များတွင် တွေ့မြင်နိုင်သည်။



# ကုန်းနေရေနေ သတ္တဝါတို့၏ ဆင့်ကဲဖြစ်စဉ်

ကုန်းနေရေနေသတ္တဝါတို့သည် ရေထဲနှင့်ကုန်းပေါ်တွင် နေထိုင်နိုင်သော ကျောရိုးရှိသတ္တဝါများ ဖြစ်ကြသည်။ ၎င်းတို့သည် 'ဒီဗိုနီယန်'ယုဂ် အကုန်တွင် စတင် ပေါ်ပေါက်လာကြပြီး 'ယူသီနော့တရွန်' ငါးများမှ ဆင်းသက် ပေါက်ပွားလာကြ၏။ ၎င်းတို့သည် ကုန်းပေါ်တွင် နေထိုင်ကျက်စားကြသော်လည်း ဥ ဥချိန်၌ ရေထဲဆင်း၍ ဥတတ်ကြသည်။ ဥမှ ပေါက်ပွားချိန်တွင် ပါးဟက်များဖြင့် အသက်ရှူပြီး အဆုတ်များဖွံ့ဖြိုးလာချိန်ကျမှ ကုန်းပေါ်တက်၍ ကျက်စားကြသည်။



# ရှေးဦး
# ကုန်းနေရေနေသတ္တဝါများ

ရှေးဦး ကုန်းနေရေနေသတ္တဝါများသည် လေးလံတုတ်ခိုင်သော ခန္ဓာကိုယ် ရှိကြပြီး ၁ မီတာခန့် ရှည်လျားသည်။ ခြေလက်များတို့၏ အားပျော့ပြီး တရွတ်ဆွဲ၍ လမ်းလျှောက်ကြ၏။ ကျယ်၍ ပြားချပ်သော ဦးခေါင်း ပါရှိသည်။ ၎င်းတို့သည် ပူနွေး၍ မျှတသော ရာသီဥတုရှိသည့် ရွံ့ညွန်တောများတွင် နေတတ်ကြသည်။



'အီရီယော့'သည်အကောင်ကြီးမားသောကုန်းနေရေနေသတ္တဝါဖြစ်ပြီး'ပါမီယန်'ယုဂ်အတွင်း ကျက်စားခဲ့သည်။ ၎င်း၏ ခန္ဓာကိုယ်သည် ၁.၅ မီတာ ရှိပြီး ရှည်လျားသော အမြီးနှင့် အားပျော့၍ တိုသော ခြေလက်များ ပါရှိ၏။ ၎င်းတို့သည် ရေနှင့်နီးသော ရွံ့ညွန်တောများတွင် နေကြသည်။

'ဒစ်ပလိုဗာတီဗရွန်' တို့သည် အီရီယော့ တို့နှင့် တချိန်တည်း လောက်တွင် ပေါ်ပေါက်ခဲ့ကြသည်။ ၁ မီတာခန့် ရှည်သည်။ ဦးခေါင်းသည် ငါး၏ ဦးခေါင်းနှင့်တူပြီးသေးငယ်ချွန်ထက်သောသွားများ ပါရှိသည်။

# ဒစ်ပလိုကောလတ်

'ဒစ်ပလိုကောလတ်'သည် ထူးဆန်းသည့် ကုန်းနေရေနေသတ္တဝါဖြစ်ပြီး 'ပါမီယန်'ယုဂ်အတွင်း ကျက်စားခဲ့သည်။ ဆင်တီမီတာ ၆၀ ခန့် ရှည်ပြီး သေးသွယ်၍ ပြားသော ခန္ဓာကိုယ် ရှိ၏။ ကြီးမားသော မြားဦးပုံဦးခေါင်း ရှိ၏။ မျက်လုံးများသည် ဦးခေါင်းပေါ်တွင်ရှိပြီး ပါးစပ်မှာ ဦးခေါင်းအောက်ဘက်၌ ရှိသည်။ ရေကူးရာတွင်အသုံးဝင်သည့် ရှည်လျားသောအမြီး ပါ၏။ ဒစ်ပလိုကောလတ်သည်'အီရီယော့'နှင့် 'ဒစ်ပလိုဗာတီဗရွန်'တို့ထက် ရေပိုကူးနိုင်သောသတ္တဝါဖြစ်သည်။ ခြေချောင်းလက်ချောင်း ငါးခုစီရှိသည့် အားပျော့သော ခြေတံလက်တံ ပါသည်။



ဒစ်ပလိုကောလတ်၏ဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်း၊ ၎င်းသည် သုံးထောင့်ပုံရှိပြီး အရိုးပိုင်းများဖြင့် ဖွဲ့စည်းထားသည်။

# ဆယ်လာ မင်ဒါများ

ယခုခေတ် ကုန်းနေရေနေသတ္တဝါများကို သုံးမျိုး ခွဲခြားနိုင်သည်။ ပထမအမျိုးသည် အမြီးရှည်မျိုး ဖြစ်ပြီး 'ဆယ်လာမင်ဒါ'များ၊ 'ညု'များ ပါဝင်သည်။ ဒုတိယအမျိုးမှာ ခြေလက်များပါသော်လည်း အမြီး မရှိပေ။ ဥပမာ- ဖားများ၊ ဖားပြုပ်များ။ တတိယ အမျိုးမှာ ခြေလက်နှင့် အမြီး မပါရှိပေ။ ဥပမာ- မျက်ကန်း 'ဝမ်းကောင်'။ ဆယ်လာမင်ဒါအုပ်စုတို့သည် အကောင်ကြီးမျိုး ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်း၊ တရုတ်ပြည်နှင့် ဂျပန်ပြည်တို့တွင် တွေ့ရသည်။ ဂျပန်မှ ဆယ်လာမင်ဒါမျိုးသည် ၁.၅ မီတာခန့် ရှည်၏။ သေးငယ်ချွန်ထက်သော သွားများပါရှိပြီး တောတောင်ထူထပ်သော ဒေသများတွင် နေကြသည်။

ဆယ်လာမင်ဒါကြီး



'အင်ဒရီးယ' သည် ဆယ်လာမင်ဒါ တစ်မျိုးဖြစ်ပြီး လွန်ခဲ့သည့် နှစ်သန်း ၂၀ မှ ၃၀ အတွင်း ကျက်စားခဲ့၏။ ပုံတွင်ပြထားသည့် အရိုးစုနှစ်ခုကို လေ့လာခြင်းဖြင့် အင်ဒရီးယနှင့် ယခုခေတ် ဆယ်လာမင်ဒါတို့ ဆင်တူကြောင်း တွေ့ရ၏။



အင်ဒရီးယ၏ အရိုးစု



ယခုခေတ် ဆယ်လာမင်ဒါအရိုးစု

# ဆီမောရီးယား

'ဆီမောရီးယား' သည် သေးငယ်သော သတ္တဝါဖြစ်ပြီး 'ပါမီယန်'ယုဂ် အတွင်း ကျက်စားခဲ့သည်။ ကုန်းနေရေနေသတ္တဝါနှင့် တွားသွားသတ္တဝါတို့၏ အင်္ဂါရပ်များ ပေါင်းစပ်ပါရှိပြီး ဆင်တီမီတာ ၅၀ မှ ၆၀ အထိ ရှည်၏။ ဦးခေါင်းပြား၍ ကုန်းနေရေနေသတ္တဝါတို့နှင့် ဆင်တူသည်။ ခြေလက်များသည် အားပျော့ကာ ကုန်းနေရေနေသတ္တဝါတို့၏ ခြေလက်များနှင့် တူ၏။ သို့ရာတွင် ခြေချောင်းကလေးငါးခုပါရှိခြင်းမှာ ရှေးတွားသွားသတ္တဝါတို့နှင့် ဆင်တူသည်။ ၎င်းတွင် အစာကိုကိုက်ဖြဲစားနိုင်သည့် ချွန်ထက်သော သွားများစွာ ရှိကြသည်။





ဆီမောရီးယား၏ ကျောက်ဖြစ်ရုပ်ကြွင်းစု၊ ၎င်း၏ အားပျော့သော ခြေလက်များသည် ခန္ဓာကိုယ်နှင့် ထောင့်မှန်ကျကျ ရှိနေကြသည်။

# တွားသွားသတ္တဝါတို့၏ ဆင့်ကဲဖြစ်စဉ်

တွားသွားသတ္တဝါတို့သည် ကျောရိုးရှိသတ္တဝါအုပ်စု တစ်မျိုးဖြစ်ပြီး ကုန်းနေရေနေသတ္တဝါများမှ ဆင်းသက်လာကြသည်။ ၎င်းတို့သည် ကုန်းပေါ်တွင်သာ နေထိုင်ကျက်စားကြပြီး ဥဥသော သတ္တဝါတို့ ဖြစ်ကြ၏။ ဥတွင် သန္ဓေဖြစ်ပေါ်စေသော အနှစ်ပါရှိပြီး အခွံမာဖြင့် ဖုံးအုပ်ထားသည်။ တွားသွားသတ္တဝါငယ်တို့သည် ဥမှ ခွဲထွက်လာကြပြီး အဆုတ်ဖြင့် လေရှူနိုင်ကြ၏။ ၎င်းတို့တွင် အကြေးခွံများဖြင့်ဖုံးအုပ်ထားသော အရေခွံထူပါရှိရာ ခန္ဓာကိုယ်မှ ရေငွေ့ပြန်ခြင်းကို ကာကွယ်ထားနိုင်သည်။



# ပထမဦးဆုံး တွားသွား သတ္တဝါများ

ပထမဦးဆုံးတွားသွားသတ္တဝါများ ပေါ်ပေါက်လာစဉ်က ကမ္ဘာတွင် တပြေးညီ ပူနွေးသော ရာသီဥတုရှိပြီး ကျယ်ပြန့်သည့် သစ်တောကြီးများ ဖုံးလွှမ်းနေခဲ့၏။ တွားသွားသတ္တဝါတို့သည် သက်လယ်ကပ်အတွင်း များပြားစွာ ပေါက်ပွားကြီးပြင်းခဲ့ရာ ထိုကာလကို "တွားသွားသတ္တဝါများခေတ်" ဟု ခေါ်သည်။ ၎င်းတို့တွင် ရေနေတွားသွားမျိုးများနှင့် ပျံနိုင်သော တွားသွားမျိုးများ ပါဝင်ကြ၏။ ၎င်းတို့၏ ဖွံ့ဖြိုးမှုအထွတ်အထိပ်ရောက်ချိန်သည် အံ့သြဖွယ်ကြီးမားသော 'ဒိုင်နိုဆော'များ လွှမ်းမိုးကြီးစိုးချိန်ဖြစ်၏။ ဒိုင်နိုဆောတို့သည်လည်း 'ခရီတေးရှတ်'ယုဂ် အကုန်တွင် ကမ္ဘာမြေပြင်မှ ပျောက်ကွယ်ခဲ့ကြသည်။



# ဒိုင်မက်ထရိုဒွန်

'ဒိုင်မက်ထရိုဒွန်'သည် ရှေးဦး တွားသွားသတ္တဝါတစ်မျိုးဖြစ်ပြီး 'ပါမီယန်'ယုဂ်အတွင်းက ကျက်စားခဲ့သည်။ ၁.၅ မီတာမှ ၃ မီတာအထိ ရှည်သည်။ သေးငယ်သော ဦးခေါင်း၊ တိုသော ခြေထောက်များနှင့် ရှည်သောအမြီး ရှိ၏။ ဓားမြှောင်ကဲ့သို့ ချွန်ထက်သော သွားများရှိသည့် သားစားသတ္တဝါ ဖြစ်သည်။ ထူးခြားသည်မှာ ကျောကုန်းတလျှောက်တွင် ရွက်နှင့်တူသော ဆူးတောင်ပါရှိခြင်း ဖြစ်၏။ ထိုဆူးတောင်သည် မည်ကဲ့သို့ အသုံးဝင်သည်ကို မသိရသေးသော်လည်း ခန္ဓာကိုယ်အပူချိန်ကို ထိန်းပေးရာတွင် အထောက်အကူ ပြုသည်ဟု သီအိုရီတစ်ရပ်က ဆိုသည်။



ကြောက်မက်ဖွယ် သားစားသတ္တဝါ ဒိုင်မက်ထရိုဒွန်

ရွက်နှင့်တူသော ဆူးတောင်ပါသည့် ဒိုင်မက်ထရိုဒွန်၏အရိုးစု



အီဒါဖိုဆောရတ်၏ အရိုးစု။ အီဒါဖိုဆောရတ်သည် အသီးအရွက်စား သတ္တဝါဖြစ်၍ ဒိုင်မက်ထရိုဒွန်နှင့် ဆင်တူသည်။



# သီကိုဒွန့်များ

'သီကိုဒွန့်'တို့သည်'ထရိုင်ယဆစ်'ယုဂ်တွင် ကျက်စားခဲ့သောတွားသွားသတ္တဝါများဖြစ်ကြသည်။အုပ်စုနှစ်မျိုးရှိ၏။ 'ဆူဒိုဆူချီယား'အုပ်စုနှင့်'ဖိုင်တိုဆောရီးယား'အုပ်စုတို့ဖြစ်သည်။ ဆူဒိုဆူချီယားတို့သည် သေးသွယ်သော အမျိုးဖြစ်ပြီး သန်မာသော နောက်ခြေနှစ်ချောင်းကို အားပြုကာ သွားလာကြသည်။ နောက်ခြေပေါ်တွင် မတ်မတ်ရပ်သည့်အခါထိန်းပေးနိုင်သည့် ရှည်လျားသောအမြီး ရှိ၏။၎င်းတို့သည်'ဒိုင်နိုဆော'နှင့် ငှက်တို့၏မူလ အဆက်အနွယ်များ ဖြစ်ကြသည်။ဖိုင်တိုဆောအုပ်စုတို့မှာ'ဆူဒိုဆူချီယန်'တို့ထက် အရွယ်ပိုကြီးသည်။ခြေ လေး ချောင်း ပါရှိသည်။ ရှည်သောမေးရိုးရှိပြီး မိကျောင်းကဲ့သို့ တိုတုတ်သောခြေထောက်များလည်း ရှိကြသည်။



ခြေနှစ်ချောင်းထောက် ဆူဒိုဆူချီယန်

ခြေလေးချောင်းထောက် ဖိုင်တိုဆော



# ဒိုင်နိုဆောများ

'ဒိုင်နိုဆော'သည် အထူးခြားဆုံး တွားသွားသတ္တဝါဖြစ်၏။ 'ထရိုင်ယဆစ်'ယုဂ်အကုန်တွင် ပေါ် ပေါက်ခဲ့သည်။ အုပ်စုနှစ်စု ရှိသည်။ ပထမအုပ်စုသည် 'ဆော်ရစ်ချီယန်'များဖြစ်ပြီး တင်ပါးပိုင်းသည် ယခုခေတ် ပုတ်သင်၏ တင်ပါးပိုင်းနှင့်ဆင်သည်။ဒုတိယအုပ်စုမှာ 'အော်နီသီချီယန်'များဖြစ်ပြီး တင်ပါးပိုင်းသည် ငှက်၏တင်ပါးပိုင်း နှင့်ဆင်သည်။ဆော်ရစ်ချီယန်တို့ကို အုပ်စုနှစ်မျိုးခွဲနိုင်၏။ တစ်မျိုးသည်'ဆောရိုပေါ့'များဖြစ်ပြီး အသီးအရွက် စားမျိုးဖြစ်သည်။အခြားတစ်မျိုးမှာ အသားစားမျိုးဖြစ်ပြီး 'သီရိုပေါ့'ဟုခေါ်သည်။ အော်နီသီချီယန်တို့ကိုမူ လေးမျိုးခွဲခြားနိုင်၏။'အော်နီသိုပေါ့'၊'အန်ကီလိုဆော'၊'စတက်ဂိုဆော'နှင့်'ဆီရာတော့စီယန်'ဟူ၍ဖြစ်သည်။

## ဒိုင်နိုဆောတို့၏ မိသားစု မျိုးနွယ်စဉ်



# အော်နီသိုလက်စတီး နှင့် စထရုတ်သိုင်အိုမီးမတ်

'အော်နီသိုလက်စတီး' နှင့် 'စထရုတ်သိုင်အိုမီးမတ်' တို့သည် 'သီရိုပေါ့' အုပ်စုဝင်ဖြစ်ပြီး တစ်မျိုးနှင့်တစ်မျိုး ဆင်တူသည်။ အော်နီသိုလက်စတီးသည် 'ဂျူရာဆစ်' ယုဂ်အတွင်း ကျက်စားခဲ့ပြီး စထရုတ်သိုင်အိုမီးမတ်သည် နောင် နှစ် သန်း ၇၀ ခန့်အကြာ 'ခရီတေးရှတ်' ယုဂ် နောက်ပိုင်းတွင် ကျက်စားခဲ့သည်။ နှစ်မျိုးလုံးသည် ၂ မီတာခန့်ရှည်ပြီး နောက်ခြေထောက်များဖြင့် သွားလာကြသည်။ ရှေ့ခြေထောက်များကို အစာဖမ်းရန် အသုံးပြု၏။ စထရုတ်သိုင်အိုမီးမတ်သည် ငှက်ကုလားအုတ်နှင့်တူသဖြင့် ငှက်ကုလားအုတ်တွားသွားကောင်ဟု ခေါ်သည်။ ၎င်းတွင်သွားမပါ၊ ငှက်နှုတ်သီးနှင့်တူသည့်ပျော့သောမေးရိုး ရှိသည်။



အော်နီသိုလက်စတီး

စထရုတ်သိုင်အိုမီးမတ်



# ဗရွန်တိုဆောရတ်

'ဗရွန်တိုဆောရတ်'သည် 'ဆော်ရိုပေါ့'အုပ်စု'ဒိုင်နိုဆော'မျိုးဖြစ်ပြီး 'ဂျူရာဆစ်'ယုဂ်အတွင်း ကျက်စားခဲ့သည်။ ၎င်းသည် ကြီးမားသောသတ္တဝါ ဖြစ်၍ တန် ၃၀ ခန့်လေးပြီး ၂၀ မှ ၂၅ မီတာအထိ ရှည်သည်။ ကြီးမားတုတ်ခိုင်သော ခြေလေးချောင်းရှိပြီး ရှည်လျားသော လည်တိုင်နှင့် အလွန်သေးငယ်သော ဦးခေါင်းပါရှိ၏။ အမြီးသည် အလွန်ရှည်လျားသေးသွယ်ပြီး ကျာပွတ်နှင့်တူသောအမြီးဖျားပါရှိသည်။ သေးငယ်အားပျော့သော သွားများပါသဖြင့် ဗရွန်တိုဆောရတ်တို့သည် အသီးအရွက်စားသတ္တဝါ ဖြစ်ကြောင်း သိရသည်။



ဗရွန်တိုဆောရတ် တို့၏ ကျောက်ဖြစ် ရုပ်ကြွင်းများကို မြောက်အမေရိကရှိ ဂျူရာဆစ်သက်တမ်းရှိသော အနည်ကျ ကျောက်လွှာများတွင် တွေ့ရသည်။ သက်လယ်ကပ်ကို ယုဂ်သုံးပိုင်း ပိုင်းခြားနိုင်၏။ 'ထရိုင်ယဆစ်'၊ 'ဂျူရာဆစ်' နှင့် 'ခရီတေးရှတ်'ယုဂ်ဟူ၍ဖြစ်သည်။ အကောင်ကြီးမားသော ဒိုင်နိုဆောတို့သည် ဂျူရာဆစ် ယုဂ် အတွင်း ပေါ်ပေါက်ကျက်စား ခဲ့ကြ၏။ ဗရွန်တိုဆောရတ် နှင့်အတူ ကြီးမားသော အခြားဒိုင်နိုဆောများမှာ 'ဒစ်ပလိုဒိုကတ်'၊ 'ကမ်မရိုဆောရတ်' နှင့် 'ဗရာခီအိုဆောရတ်'တို့ ဖြစ်ပြီး ၎င်းတို့သည်လည်း ဂျူရာဆစ်ယုဂ်အတွင်းကျက်စားခဲ့ကြသည်။၎င်းတို့အားလုံးတွင် အလွန်သေးငယ်သော ဦးခေါင်း နှင့် ရှည်လျားသော လည်တိုင် ပါရှိရာ ရေနက်ပိုင်းတွင် ဆင်းပြီး ဦးခေါင်းပေါ်ရုံဖော်၍ နေနိုင်သဖြင့် 'ဒိုင်အာသရိုနသတ်' ကဲ့သို့သော အသားစားသတ္တဝါတို့၏ဘေးရန်မှလွတ်မြောက်အောင် ပုန်းကွယ်နေနိုင်ကြသည်။



ရှေ့လက်ပြင်ရိုးနှင့် နောက်တင်ပါးဆုံရိုး တို့သည် လွန်စွာဖွံ့ဖြိုးပြီး ခြေထောက်လေးချောင်းမှ အရိုးများသည်လည်း ကြီးမားတုတ်ခိုင်သန်မာကြသည်။



# ဗရာခီအိုဆောရတ်

'ဗရာခီအိုဆောရတ်'တို့သည်'ဆော်ရိုပေါ့'အုပ်စုများတွင် အလေးလံဆုံးသတ္တဝါဖြစ်၏။ ခန္ဓာကိုယ်သည် ၂၀ မှ ၂၃ မီတာအထိသာ ရှည်သော်လည်း တန် ၇၀ မှ ၈၀ အထိ လေးသည်။ ရှေ့ခြေထောက်သည် နောက်ခြေထောက်ထက်ရှည်သဖြင့် ပခုံးပိုင်းသည် တင်ပါးပိုင်းထက် ပိုမြင့်သည်။ ရှည်သောလည်တိုင်နှင့် သေးငယ်သောဦးခေါင်းပါရှိ၏။ ဦးခေါင်းထိပ်အဖုတွင် နှာခေါင်းပေါက်များရှိသည်။ ထို့ကြောင့်ရေနက်ထဲတွင် သွားလာ အသက်ရှူနေနိုင်ကြပြီး အသားစားသတ္တဝါများဘေးရန်မှ ရှောင်ပုန်းနိုင်ကြသည်။



## ဒစ်ပလိုဒိုကတ်

‘ဒစ်ပလိုဒိုကတ်’သည် ‘ဆော်ရိုပေါ့’အုပ်စုမှ ‘ဒိုင်နိုဆော’တစ်မျိုးဖြစ်ပြီး ‘ဂျူရာဆစ်’ယုဂ်နောက်ပိုင်းတွင် ကျက်စားခဲ့၏။ ၎င်းသည် ဆော်ရိုပေါ့အုပ်စုများတွင် အကြီးမားဆုံးသတ္တဝါ ဖြစ်သည်။ သေးသွယ်ရှည်လျားသော ခန္ဓာကိုယ်သည် ၂၅ မီတာထက် ပိုရှည်သော်လည်း ၁၀ တန်ခန့်သာလေး၏။ အမြီး အလွန်ရှည်ပြီး ခန္ဓာကိုယ်အရှည်၏ ထက်ဝက်ခန့်ရှိသည်။ သေးသော ဦးခေါင်း၊ သေး၍တုံးသော သွားများနှင့် ဆော်ရိုပေါ့အုပ်စုမှ အခြားသော ဒိုင်နိုဆောများမှာကဲ့သို့ ရှည်လျားသော လည်တိုင်ပါရှိသဖြင့် ဦးခေါင်းကို ပေါ်ရုံမျှဖော်၍ ရေထဲသို့ ဆင်းနေနိုင်သည်။



# အီဂွာနိုဒွန်

‘အီဂွာနိုဒွန်’သည် ‘အော်နီသိုပေါ့’အုပ်စုမှ‘ဒိုင်နိုဆော’မျိုးဖြစ်ပြီး ‘ဂျူရာဆစ်’ယုဂ်အတွင်း ပေါ်ပေါက်ကျက်စားခဲ့သည်။ ခန္ဓာကိုယ်သည် ၈ မီတာခန့်ရှည်ပြီး သန်မာသော နောက်ခြေထောက်နှစ်ချောင်းကို အားပြု၍ လမ်းလျှောက်တတ်သော သတ္တဝါဖြစ်၏။ ရှေ့ခြေများမှာတိုပြီး ခြေချောင်းလေးချောင်းပါရှိသည်။ ထို့ပြင် လူ့လက်မကဲ့သို့ အတက်တစ်ခုစီ ပါရှိသေး၏။ သွားများမှာ သေးငယ်၍ တုံးသဖြင့် သီးရွက်စားသတ္တဝါဖြစ်ကြောင်း သိရသည်။ ‘ဘယ်လဂျီယမ်’ပြည်ရှိ ကျောက်မီးသွေးတွင်း တစ်ခုတွင် အီဂွာနိုဒွန် ကျောက်ဖြစ်ရုပ်ကြွင်းစု ၂၀ ထက်မနည်း တွေ့ရသည်။



အီဂွာနိုဒွန်၏ ပထမဦးဆုံးကျောက်ဖြစ်ရုပ်ကြွင်းကို ၁၈၂၂ တွင် အင်္ဂလန်၌ တွေ့ရသည်။ စတင်တွေ့ရှိရသည်မှာ အီဂွာနိုဒွန်၏ လူ့လက်မ ကဲ့သို့သော အတက်ဖြစ်ပြီး ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်ကြီး ဒေါက်တာဂီဒီယွန်မင်တယ်၏ဇနီးကတွေ့ရှိခြင်းဖြစ်၏။ ဂီဒီယွန်မင်တယ်သည် ထိုကျောက်ဖြစ်ရုပ်ကြွင်းကို ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဗေရွန်ဂျော့ကူဗီယေးထံ ပေးပို့စစ်ဆေးစေခဲ့သည်။ ၎င်းသည်ကြံ့တစ်ကောင်၏သွားဖြစ်နိုင်ကြောင်း ကူဗီယေးက ပြောပြခဲ့၏။ ဂီဒီယွန်မင်တယ်သည် ထိုယူဆချက်ကို ဘဝင်မကျ၍ ပိုမိုပြည့်စုံသော အရိုးစုကျောက်ဖြစ်ရုပ်ကြွင်းများကို ဆက်လက်စုဆောင်းခဲ့သည်။ ရုပ်ကြွင်းအရိုးစုတို့ကို ပြည့်စုံစွာရရှိသောအခါ ထိုသတ္တဝါသည် ယခုခေတ် ‘အီဂွာနာ’ ( ဖွတ် ) နှင့်သဏ္ဍာန်တူသည်ကို တွေ့ရသောကြောင့် အီဂွာနိုဒွန်ဟု အမည်ပေးခဲ့၏။ ဤဖြစ်ရပ်များသည် ဒါဝင်၏ ဆင့်ကဲဖြစ်စဉ်သီအိုရီ မပေါ်မီ နှစ် ၃၀ ခန့်က ဖြစ်ခဲ့သည်။

# ကင့်ပတို ဆောရတ်

‘ကင့်ပတိုဆောရတ်’သည် ‘အော်နီသိုပေါ့’ အုပ်စုဝင် ‘ဒိုင်နိုဆော’ တစ်မျိုးဖြစ်ပြီး ‘ဂျူရာဆစ်’ယုဂ် နောက်ပိုင်းနှင့်‘ခရီတေးရှတ်’ယုဂ် အစပိုင်းလောက်တွင် ကျက်စားခဲ့သည်။ ခန္ဓာကိုယ်သည် ၃ မီတာမှ ၆ မီတာအထိ ရှည်၏။ နောက်ခြေထောက် နှစ်ချောင်းကိုအားပြု၍ လှုပ်ရှားသွားလာသည်။ ရှေ့ခြေထောက်များသည် မြေတွင်ထောက်၍ အစာကိုငုံ့စားနိုင်အောင် ရှည်သည်။ ၎င်းသည် အသီးအရွက်စား သတ္တဝါဖြစ်ပြီး ရှေ့သွားများမပါပဲ နောက်အံသွားများသာ ပါသည်။ ရှေ့သွားမရှိသော်လည်း မာသော မေးရိုးကြောင့် အစာကို ကြိတ်ဝါးနိုင်သည်။ ၎င်းတို့ကို ဘဲတူဖျံ့တူတို့၏ မူလအဆက်အနွယ်ဟူ၍ ထင်မှတ်ရသည်။





ကင့်ပတိုဆောရတ်၏ အရိုးစု

# အယ်လိုဆောရတ်

'အယ်လိုဆောရတ်'သည် 'သီရိုပေါ့'အုပ်စုဝင် 'ဒိုင်နိုဆော'တစ်မျိုးဖြစ်ပြီး 'ဂျူရာဆစ်'ယုဂ် နောက်ပိုင်းတွင် ကျက်စားခဲ့သည်။ ၁၀ မီတာမှ ၂ မီတာအထိရှိပြီး ရှည်လျားသန်မာသော အမြီးပါရှိ၏။ ၎င်းတို့သည် ခန္ဓာကိုယ်ကြီးမားသော်လည်း ဦးနှောက် အလွန်သေးငယ်သည်။ နောက်ခြေထောက် နှစ်ချောင်းပေါ်တွင် အားပြု၍ လှုပ်ရှားသွားလာကြ၏။ ရှေ့ခြေများမှာတို့၍ ကောက်ကွေးချွန်ထက်သော ခြေသည်းများပါရှိသည်။ အယ်လိုဆောရတ်တွင် ကျယ်သောပါးစပ်နှင့် သန်မာသောမေးရိုး ရှိ၏။ ဓားမြှောင်ကဲ့သို့ ချွန်ထက်သည့် သွားများပါရှိသည်။ ကြောက်မက်ဖွယ်ကောင်းသော သားစားသတ္တဝါဖြစ်သည်။



အယ်လိုဆောရတ်သည် မြောက်အမေရိကတွင် တွေ့ရသော ကြောက်မက်ဖွယ် ဒိုင်နိုဆောဖြစ်၏။ ၎င်းသည် 'တယ်ရီဆော' နှင့် ၎င်းထက် ကြီးသော 'ဗရွန်တိုဆောရတ်'၊ 'ဒစ်ပလိုဒိုကတ်' စသည် တို့ ကိုပင် တိုက်ခိုက်စားသောက်သည်။ ၁.၅ မီတာရှိ အကောင်ငယ်ကလေးများမှသည် ၁၁ မီတာရှိ အကောင်ကြီးများအထိ အယ်လိုဆောရတ် တို့၏ ကျောက်ဖြစ် ရုပ်ကြွင်းများကို အမေရိကန်ပြည်ထောင်စု၊ ယူးတားပြည်နယ်တွင် တွေ့ရသည်။

အယ်လိုဆောရတ်၏ တင်ပါးဆုံရိုး



# စတက်ဂိုဆောရတ်

‘စတက်ဂိုဆောရတ်’သည်‘အော်နီသီချီယန်’အုပ်စုဝင်‘ဒိုင်နိုဆော’တစ်မျိုးဖြစ်ပြီး ‘ဂျူရာဆစ်’ ယုဂ် နောက်ပိုင်းတွင် ကျက်စားခဲ့သည်။ ၆ မီတာခန့်ရှည်၍ လေးကိုင်းသဏ္ဍာန် မြင့်မားသော ကျောကုန်းရှိ၏။ သေးငယ်သော ဦးခေါင်းရှိပြီး ခြေချောင်းငါးခုစီရှိ ခြေလေးချောင်းဖြင့် လှုပ်ရှားသွားလာသည်။ ကျောကုန်းပေါ်တွင် သုံးထောင့်ပုံ အရိုးမာချပ်ပြားတန်း နှစ်တန်း ထောင်လျက်ပါရှိ၏။ အမြီးထိပ်ပိုင်းရှိ အရိုးမာ ဆူးချွန်လေးခုသည် ရန်သူကိုကာကွယ်ရန် အကောင်းဆုံးလက်နက်များ ဖြစ်သည်။




စတက်ဂိုဆောရတ်သည် အကောင်ကြီးသော်လည်း ဦးနှောက်အလွန်သေး၍ ခန္ဓာကိုယ်လှုပ်ရှားမှုကိုမထိန်း နိုင်ပေ။ ခြေလက်နှင့်အမြီးတို့၏ လှုပ်ရှားမှုကိုထိန်းရန် တင်ပါးဆုံပိုင်းတွင် အာရုံကြောထိန်းဗဟို ရှိ၏။

# ထရာခိုဒွန်

‘ထရာခိုဒွန်’သည် ‘အော်နီသီချီယန်’အုပ်စုဝင်ဖြစ်ပြီး ‘ခရီတေးရှတ်’ယုဂ် အလယ်ပိုင်းတွင် ကျက်စားခဲ့သည်။ ၈ မီတာမှ ၁၀ မီတာခန့်အထိရှည်ပြီး နောက်ခြေထောက်နှစ်ချောင်းနှင့် သန်မာသောအမြီးကို အားပြု၍ လှုပ်ရှားသွားလာသည်။ ပါးစပ်သည် ပြားချပ်ပြီး ဘဲနှုတ်သီးပုံ ငေါ်ထွက်နေသည်။ သွားများသည် တစ်ချောင်းနှင့်တစ်ချောင်း နီးကပ်ပြွတ်သိပ်လျက်ရှိရာ အသီးအရွက်စား သတ္တဝါဖြစ်ကြောင်း သိရသည်။ ၎င်းတို့သည် မြစ်ချောင်းအင်းအိုင်ပတ်ဝန်းကျင်ရှိ ရွှံ့ညွန်တောများတွင် ကျက်စားကြ၏။ ခြေချောင်းများသည် အရေပြားဖြင့်တွဲဆက်နေသဖြင့် ရေကူးရန်နှင့်ရွှံ့ညွန်များပေါ်တွင် လျှောက်သွားရန်အကောင်းဆုံးဖြစ်သည်။



ထရာခိုဒွန်သည် ရေထဲနှင့် ကုန်းပေါ်တွင် နေထိုင်ကျက်စားခဲ့သည်။



ခိုဒွန်၏ဆင်တီမီတာ ၅၀ခန့်ရှိခြေရာကျောက်ဖြစ်ရုပ်ကြွင်း

# ပရိုတိုဆီရာတော့

'ပရိုတိုဆီရာတော့'တို့သည် ရှေးကျသော 'ဆီရာတော့စီယန်'ဖြစ်၍ 'ခရီတေးရှတ်'ယုဂ် နောက်ပိုင်းတွင် ကျက်စားခဲ့သည်။ ၂ မီတာခန့်ရှိ ခန္ဓာကိုယ်အရှည်၏ ၁/၃ ရှိ ကြီးမားသော ဦးခေါင်းပါရှိ၏။ ဦးခေါင်းနောက်ဘက် လည်ပင်းပတ်လည်တွင် ကြီးမားကျယ်ပြန့်သော အရိုးမာချပ်ပြားကြီး ရှိသည်။ နှာခေါင်းထိပ်တွင် ဖုငယ်တစ်ခုပါရှိရာ ၎င်းသည် ဦးချိုဖြစ်ပေါ်စေမည့် အမှတ်လက္ခဏာပင် ဖြစ်သည်။ ပရိုတိုဆီရာတော့တို့သည် ခြေလေးချောင်းဖြင့် သွားလာကြ၏။ အရိုးစုနှင့် ဥတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို မွန်ဂိုလီးယားပြည် သဲကန္တာရဒေသများတွင် တွေ့ရသည်။



ပရိုတိုဆီရာတော့တို့သည်အသီးအရွက်စားသတ္တဝါများဖြစ်ကြပြီး ဥများကို မွန်ဂိုလီးယားသဲကန္တာရသဲများထဲတွင် ဥတတ်ကြသည်။

# ဆီရာတော့စီယန်များ

'ဆီရာတော့စီယန်'တို့သည် 'အော်နီသီချီယန် ဒိုင်နိုဆော'များဖြစ်ကြ၍ 'ခရီတေးရှတ်'ယုဂ် နောက်ပိုင်းတွင် ကျက်စားခဲ့ကြသည်။ ၎င်းတို့သည် ဦးချိုရှိပြီး လည်တိုင်ပတ်လည်တွင် အရိုးမာ ချပ်ပြားပါရှိကာ အသီးအရွက်စား သတ္တဝါများဖြစ်ကြ၏။

'ပရိုတိုဆီရာတော့'သည် ဆီရာတော့စီယန်တို့၏ မူလမျိုးနွယ်ဖြစ်ပြီး ဦးချိုမပါဲ နှာခေါင်းထိပ်တွင် ဖုလုံးသာ ပါရှိသည်။ နောက်ပိုင်းပေါ်ပေါက်သောဆီရာတော့စီယန်များတွင်သာ ဦးချိုကြီးများ ပါရှိကြ၏။ 'ချာစမိုဆောရတ်'သည် အရွယ်အလတ်စားဖြစ်ပြီး ဦးခေါင်းတွင် သေးငယ်သော ချို တစ်ခု ရှိသည်။ 'မိုနိုကလိုနီယတ်'တွင် နှာခေါင်းအထက်၌ ကြီးမားသော ချိုတစ်ခု ပါရှိပြီး မျက်လုံး အထက်တွင် ချိုငယ်တစ်စုံ ရှိသည်။ 'ထရိုင်ဆီရာတော့'တွင် ချိုသုံးချောင်းပါရှိရာ ချိုငယ်တစ်ခုသည် နှာခေါင်းပေါ်က် အထက်တွင် ရှိပြီး မျက်လုံး အထက်၌ ကြီးမားသောချိုတစ်စုံပါသည်။၎င်း၏ ဦးခေါင်းသည် ခန္ဓာကိုယ်အရွယ်ခန့်ပင်ကြီးမား၏။ 'စတိုင်ရာကိုဆောရတ်' တွင် ၂ မီတာခန့်ရှိသည့် အလွန်ကြီးမားသော ဦးခေါင်းရှိပြီး ဦးချို သုံးချောင်း ပါရှိသည်။ ဦးချိုကြီး တစ်ချောင်း သည် ဦးခေါင်း၏ ရှေ့ဘက်တွင် ရှိပြီး ချို ငယ် တစ်စုံ မှာ နောက်ဘက်တွင်ရှိ၏။ လည်ပင်းပေါ်တွင် ရှည်၍ ချွန်ထက်သော ဆူးတောင်များ သဖွယ် ချပ်ပြားရှိသည်။



ပရိုတိုဆီရာတော့၏ဥနှင့် အခြားသတ္တဝါတို့၏ ဥများကို နှိုင်းယှဉ်ပြပုံ




ဆီရာတော့စီယန်တို့၏ ဆင့်ကဲဖြစ်စဉ်
ထရိုင်ဆီရာတော့
စတိုင်ရာကိုဆော ရတ်
မိုနိုကလိုနီယတ်
ပရိုတိုဆီရာတော့
ချာစမိုဆော ရတ်

## တိုင်ရန်နိုဆောရတ်

အစဉ်အမြဲ သင့်မြတ်စွာနေထိုင်သောသတ္တဝါ အလွန်ရှားသည်။ ကမ္ဘာဦးသတ္တဝါတို့သည် ယခုခေတ် တောရိုင်းတိရစ္ဆာန်များကဲ့သို့ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ခဲ့ကြသည်။ 'တိုင်ရန်နိုဆောရတ်'သည် ကမ္ဘာဦးသတ္တဝါများအနက် အင်အားအကြီးမားဆုံး သတ္တဝါတစ်မျိုးဖြစ်ခဲ့၏။ ၎င်းသည်'ခရီတေးရှတ်'ယုဂ်အတွင်း ကျက်စားခဲ့သော 'ဒိုင်နိုဆော'မျိုးဖြစ်သည်။ ခန္ဓာကိုယ်သည် ၁၅ မီတာခန့်ရှည်ပြီး ၆ မီတာခန့်မြင့်သည်။ သန်မာတုတ်ခိုင်သော နောက်ခြေထောက်၊ တို၍အားပျော့ကာ အသုံးမဝင်လှသည့် ရှေ့ခြေထောက်များရှိသည်။ ကြီးသောဦးခေါင်း၊ ကျယ်သောပါးစပ်နှင့် ဓားမြှောင်ကဲ့သို့ ချွန်ထက်သည့် သွားများရှိသည်။



သီးရွက်စား 'ဒိုင်နိုဆော'များကို စားကြသည်။ 'ခရီတေးရှတ်'ယုဂ် ကုန်ချိန်တွင် ပျောက်ကွယ်ခဲ့ကြ၏။ ထိုအချိန်တွင် သီးရွက်စား ဒိုင်နိုဆော များ ပျောက်ကွယ်ခဲ့ကြရာ'တိုင်ရန်နိုဆောရတ်' တို့သည် လည်း အစာရေစာ ခေါင်းပါး ခြင်း ကြောင့် သေကြေခဲ့ကြဟန် တူသည်။



တိုင်ရန်နိုဆောရတ်၏ ဦးခေါင်းခွံသည် အပေါက်များပါပြီး ပေါ့ပါးသည်။ မေးရိုးသည် သန်မာပြီး အရိုးဝ နှစ်ခု သို့မဟုတ် သုံးခုဖြင့် ဖွဲ့စည်းထားသည်။



လက်ဝဲဘက်အောက်ပုံ။ တိုင်ရန်နိုဆောရတ်နှင့် စတိုင်ရာကိုဆောရတ်တို့ တိုက်ခိုက်နေပုံ

## ဒိုင်နိုဆောများ ပျောက်ကွယ်သွားခြင်း

'ဒိုင်နိုဆော'တို့သည် ရာသီဥတုပူနွေးမှုတ၍ သစ်တောကြီးများ ဖုံးလွှမ်းသော'ထရိုင်ယဆစ်'ယုဂ်တွင် စတင်ပေါ် ပေါက်ခဲ့ကြ၏။ ၎င်းတို့သည် နှစ်သန်း ၁၀၀ အတွင်း ခန္ဓာကိုယ် ပို၍ကြီးလာပြီး အမျိုးအပြား ပေါက်ပွားခဲ့ကြသည်။ 'ခရီတေးရှတ်'ယုဂ် ကုန်ချိန်တွင် ပျောက်ကွယ်ခဲ့ကြသည်။ မည်သည့်အကြောင်းကြောင့် ရုတ်ခြည်းပျောက်ကွယ်ခဲ့ကြသည်ကို အတိအကျ မသိနိုင်ပေ။ တစ်ခုတည်းသောအကြောင်းကြောင့် မျိုးပြုတ်မသွားနိုင်သော်လည်း ရာသီဥတု ရုတ်တရက် ပြောင်းလဲလာခြင်းသည် အကြောင်းရင်းတစ်ခု ဖြစ်နိုင်သည်။



၎င်းတို့သည် သွေးအေးသတ္တဝါများဖြစ်၍ ရာသီဥတု အပူအအေးအနည်းငယ်ပြောင်းရုံမျှဖြင့် ဒုက္ခရောက်နိုင်၏။ ရာသီဥတု ပြောင်းလဲလာခြင်းသည် အပင်များကိုပါ ပြောင်းလဲစေသည်။ အဘယ်ကြောင့်ဆိုသော် 'ခရိတေးရှတ်'ယုဂ် အချိန်တွင် အပင် မျိုးနွယ်ဟောင်းများ ပျောက်ကွယ်ကြပြီး မျိုးနွယ်သစ်များ ပေါ်ပေါက်လာခြင်းကြောင့်ဖြစ်သည်။ အသီးအရွက်စား 'ဒိုင်နိုဆော' များသည် အပင်သစ်များကို မစားသုံးနိုင်ကြသဖြင့် သေကြေခဲ့ကြရာ ၎င်းတို့ကို စားသောက်ကြသော အသားစားသတ္တဝါများသည်လည်း အစာရေစာ ငတ်မွတ်ခြင်းကြောင့် သေကြေခဲ့ကြဟန်တူသည်။ ဖြစ်နိုင်စရာအခြားအကြောင်းတစ်ခုမှာ ထိုအချိန်က ပေါ်ပေါက်ခဲ့သည့် နို့တိုက် သတ္တဝါငယ်တို့သည် ဒိုင်နိုဆောတို့၏ ဥများကို စားသောက်ကြခြင်းကြောင့် မျိုးဆက်များ မပြန့်ပွားနိုင်တော့ပဲ တဖြည်းဖြည်း ပျောက်ကွယ်ခဲ့ကြဟန် တူသည်။ ဒိုင်နိုဆောကြီးများ ကမ္ဘာမြေပြင်မှ အဘယ်ကြောင့် ပျောက်ကွယ်ခဲ့ကြသည်ကို မည်သူမျှ အတိအကျ မပြောနိုင်ကြပေ။



# ပင်လယ်နေ တွားသွားသတ္တဝါများ

တွားသွားသတ္တဝါတို့သည် ကုန်းနေရေနေသတ္တဝါများမှ ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာကြသော်လည်း ရေနှင့်ကင်း၍ မနေကြပေ။ ကုန်းပေါ်တွင် လုံးဝနေထိုင်ကျက်စားခဲ့ကြရာမှ 'ထရိုင်ယဆစ်' ယုဂ်တွင် အချို့သည် ပင်လယ်သို့ပြန်လည်ဆင်း၍ ကျက်စားခဲ့ကြသည်။ ၎င်းတို့၏ ခန္ဓာကိုယ်သည် ရေတွင်နေနိုင်ရန် ပြောင်းလဲလာ၏။ ခြေထောက်များသည် ဆူးတောင်နှင့်တူသည့် ရေယက်များ၊ အမြီးသည် ပဲ့သဖွယ် ဖြစ်လာသည်။ ပင်လယ်နေ တွားသွားသတ္တဝါအမများသည် ကုန်းပေါ်တွင် ဥသည့်အခါ ဥ၍ အကောင်လိုက်လည်းမွေးသည်။ ပင်လယ်နေတွားသွားသတ္တဝါတို့တွင်အသက်ရှူရန်အဆုတ် ပါရှိသည်။

ထရိုင်ယဆစ်ယုဂ်၏ ပင်လယ်နေ တွားသွားသတ္တဝါများ။ ပလေကိုဒတ်နှင့် နိုသိုဆောရတ်တို့ နှစ်မျိုးစလုံးသည် ပင်လယ်ရေတိမ်ပိုင်းတွင် နေကြသည်။



'နိုသိုဆောရတ်'တွင် ရှည်သောလည်ပင်း၊သေးသွယ်သော ဦးခေါင်းနှင့် ရှည်လျားသည့်မေးရိုးတို့ ပါရှိ၏။ ချွန်ထက်သော သွားများရှိ၍ ငါးများကို စားကြသည်။ ဂျူရာဆစ်ယုဂ် ပလယ်စီယိုဆောရတ်တို့၏ မူလမျိုးနွယ် ဖြစ်နိုင်သည်။

'ပလေကိုဒတ်'တွင် တုတ်ခိုင်သော ခန္ဓာကိုယ်ရှိပြီး ၎င်းကို အခွံမာ ချပ်ပြားများဖြင့် ဖုံးထားသည်။ လည်ပင်းနှင့် အမြီးတိုသည်။ ခြေထောက်များသည် ရေယက်နှင့် ဆင်တူသည်။ မိုလတ်စကာ (ခရု၊ ယောက်သွား) နှင့် အခြား ပင်လယ်သတ္တဝါများကို စားသည်။

# အစ်သီအိုဆောရတ်

'အစ်သီအိုဆောရတ်'သည် ပင်လယ်နေတွားသွားသတ္တဝါဖြစ်ပြီး 'ထရိုင်ယဆစ်'ယုဂ် နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည်။ ယခုခေတ်လင်းပိုင်နှင့်တူပြီး လည်ပင်းမရှိပေ။ အစ်သီအိုဆောရတ်တို့တွင် သန်မာသောအမြီး၊ တိုသော ဆူးတောင်သဖွယ်ရေယက်များနှင့် ကျောဆူးတောင်တို့ကို အသားစိုင်များဖြင့်ဖွဲ့စည်းထားသဖြင့် ကောင်းစွာ ရေကူးနိုင်ကြသည်။ ရှည်သော ပါးစပ်နှင့် ချွန်ထက်သောသွားများပါရှိ၍ အသားစားသတ္တဝါများ ဖြစ်ကြသည်။ မျက်လုံးများသည်ကြီးမားပြီးအရိုးမာချပ်ပြားဖြင့် ဝန်းရံထား၏။ သားငယ်ကိုသန္ဓေဆောင်ပြီး မွေးသည်။



အစ်သီအိုဆောရတ်၏ အရိုးစု



အစ်သီအိုဆောရတ် ကျောက်ဖြစ်ရုပ်ကြွင်း



## ပလယ်စီယိုဆော

'ပလယ်စီယိုဆော' တို့သည် ပင်လယ်နေတွားသွားသတ္တဝါများ ဖြစ်ကြသည်။ 'ဂျူရာဆစ်'ယုဂ် နောက်ပိုင်းနှင့် 'ခရီတေးရှတ်'ယုဂ် အစဦးပိုင်းတွင် ပေါပေါက်ကျက်စားခဲ့ကြသည်။ ပင်လယ်တွင် ကောင်းစွာ နေနိုင်ကြပြီး ငါးများကို စားကြ၏။ အများစုမှာ အလွန်ကြီးမားသော သတ္တဝါများဖြစ်ကြပြီး ၁၄ မီတာမှ ၁၅ မီတာအထိ ရှည်သည်။ ဆူးတောင်နှင့်တူသည့် ရေယက်များပါရှိပြီး ကောင်းစွာ ရေကူးနိုင်၏။ သို့သော် အမြီးသည်တိုပြီး ရေကူးရာတွင် အသုံးမဝင်ပေ။ လည်တိုင်ရှည်မျိုးနှင့် လည်တိုင်တိုမျိုးဟု အုပ်စုနှစ်စု တွေ့ရသည်။ လည်တိုင်တိုမျိုးတွင် ဆူဖြိုးသောခန္ဓာကိုယ်နှင့် ရှည်သောမေးရိုး ပါရှိ၏။ လည်တိုင်ရှည်မျိုးတွင်



ကျယ်ပြန့်သော ခန္ဓာကိုယ်၊ မြေနှင့်တူသည့် ရှည်လျားသော လည်တိုင်၊ သေးငယ်သော ဦးခေါင်း ပါရှိသည်။ ၎င်းတို့သည် ပျော့ပျောင်းသော လည်တိုင်ကိုကွေးဝိုက်၍ အဝေးမှအစာကိုဖမ်း၍ စားနိုင်၏။ 'အီလတ်စမိုဆောရတ်' နှင့် 'ပလယ်စီယိုဆောရတ်'တို့သည် အဆိုပါအုပ်စုဝင် သတ္တဝါများ ဖြစ်ကြသည်။ အီလတ်စမိုဆောရတ်သည် ၉ မီတာမှ ၁၁ မီတာအထိ ရှည်၍ ပလယ်စီယိုဆောရတ်မှာ ၅ မီတာခန့်ရှည်၏။ 'ဗရာခိုချီနီးယတ်'သည် ၁မီတာခန့်ရှည်၍ လည်တိုင်တိုမျိုးဖြစ်သည်။ 'မိုဆာဆော' အုပ်စုများသည်လည်းပင်လယ်နေတွားသွားသတ္တဝါများ ဖြစ်ကြသည်။အဆိုပါအုပ်စုမှ 'မိုဆာဆောရတ်' နှင့် 'တိုင်လိုဆောရတ်' တို့သည် သေးသွယ်သော ခန္ဓာကိုယ်၊ ရှည်သောအမြီးနှင့် ပြားသော ဦးခေါင်းတို့ပါရှိပြီး ၉ မီတာမှ ၁၀ မီတာခန့်အထိ ရှည်ကြသည်။





ပလယ်စီယိုဆောရတ် ကျောက်ဖြစ်ရုပ်ကြွင်း



# ကမ္ဘာဦးလိပ်များ

လိပ်သည် တွားသွားသတ္တဝါမျိုးဖြစ်ပြီး ‘ထရိုင်ယဆစ်’ ယုဂ်တွင် ပေါ်ပေါက်ခဲ့ကာ ယနေ့တိုင် ပုံစံပြောင်းလဲခြင်း မရှိလှပေ။ ကမ္ဘာဦးလိပ်ဖြစ်သော ‘ပရိုဂန်နိုချလီ’ သည် ယခုခေတ်လိပ်နှင့် အလွန်ဆင်တူ၏။ သို့ရာတွင် ယခုခေတ်လိပ်ကဲ့သို့ ဦးခေါင်း၊ အမြီးနှင့် ခြေထောက်တို့ကို အခွံတွင်းသို့ မသွင်းနိုင်ပေ။ သို့သော် ၎င်းတွင် မာသော အကြေးခွံများ ရှိသည်။ မာကျောကျစ်လျစ်သော နှုတ်သီးနှင့် သွားများလည်း ရှိကြသည်။ ‘အာခီလွန်’ သည် ကမ္ဘာဦးလိပ်တစ်မျိုးဖြစ်ပြီး ‘ခရီတေးရှတ်’ ယုဂ်အတွင်း ကျက်စား



ခဲ့သည်။ ၎င်းသည် အလွန်ကြီးမားသော သတ္တဝါဖြစ်၍ ၃.၅ မီတာရှည်ပြီး ပင်လယ်တွင် ကောင်းစွာနေထိုင်ကျက်စားနိုင်သည်။ မာကျောသော အကြေးခွံနည်းသဖြင့် ပို၍ ပေါ့ပါး၏။ ၎င်းတို့တွင် သန်မာပြီး အရေပြားနှင့် တွဲဆက်နေသော ရေယက်များ ပါရှိရာ ထိုရေယက်များဖြင့် ပင်လယ်ထဲတွင် လှုပ်ရှားသွားလာကြသည်။



အာခီလွန်လိပ် ကျောက်ဖြစ်ရုပ်ကြွင်း



# ပျံနိုင်သော တွားသွားသတ္တဝါများ

'ဂျူရာဆစ်'ယုဂ်အတွင်း အချို့သော တွားသွားသတ္တဝါတို့သည် လေထဲတွင် ပျံနိုင်ကြသည်။ ၎င်းတို့သည် ပျံနိုင်သော တွားသွားသတ္တဝါမျိုးဖြစ်၍ 'တယ်ရိုဆော'ဟု ခေါ်၏။ အတောင်တွင် အရိုးမရှိသဖြင့် ပျံရာ၌ အတောင်မခတ်နိုင်ပဲ လေထဲတွင် ပျံဝဲရုံသာ တတ်နိုင်သည်။ တယ်ရိုဆော၏အရိုးများသည် အခေါင်းပွများဖြစ်ကြ၍ ပေါ့ပါး၏။ ရှေးဦး တယ်ရိုဆောများဖြစ်သော 'ဒိုင်မော်ဖိုဒွန်'နှင့် 'ရမ်ဖိုရင်းခတ်'တို့တွင် သွားများပါရှိပြီး နောက်ပိုင်း ပေါ်ပေါက်သည့် 'တယ်ရာနိုဒွန်'တွင် သွားမပါပဲ ငှက်နှုတ်သီးနှင့်တူသည့် နှုတ်သီးသာ ပါရှိသည်။



## မျက်မှောက်ခေတ် တွားသွားသတ္တဝါများ

ယခုခေတ် တွားသွားသတ္တဝါများတွင် ရှေးဦးအနွယ်တို့၏ အမှတ်လက္ခဏာများကို တွေ့နိုင်သေးသည်။ မိကျောင်းသည် ၎င်း၏မူလမျိုးနွယ်မှ အသွင်အနည်းငယ်သာ ပြောင်းလဲခဲ့၏။ လိပ်သည်လည်း နှစ် သန်း ၂၀၀ မှ ယခုအချိန်အထိ ပုံစံပြောင်းလဲခြင်း မရှိလှပေ။ မြွေတွင်မူ ခန္ဓာကိုယ်၌ အကြေးခွံများ ဆက်လက်ပါရှိသော်လည်း ခြေထောက်များ ပျောက်ကွယ်ခဲ့သည်။ အချို့ပုတ်သင်မျိုးဖြစ်သည့် 'ဒရေကို' ကဲ့သို့သော အကောင်များတွင် အရေပါးဖြင့်ပြီးသည့် အတောင်ပံများ ပါရှိကြသဖြင့် ကမ္ဘာဦးအချိန်မှ 'တယ်ရိုဆော' တို့ကဲ့သို့ ပျံဝဲနိုင်ကြသည်။



ဂျူရာဆစ်ယုဂ် တယ်ရိုဆောအုပ်စုဝင် ဒိုင်မော်ဖိုဒွန်တွင် ကြီးမားသော ဦးခေါင်းပါရှိသည်။

ဂျူရာဆစ်ယုဂ် တယ်ရိုဆော အုပ်စုဝင် အမြီးရှည် ရမ်ဖိုရင်းခတ်

## မျက်မှောက်ခေတ် တွားသွားသတ္တဝါများ



မိကျောင်း



မြွေ



လိပ်



ကင်းလိပ်ချော

# ငှက်များ ပေါ်ပေါက်လာခြင်း

'တယ်ရိုဆော'များ လေထဲ၌ ပျံဝဲချိန်တွင် ငှက်များ စတင်ပေါ် ပေါက်ခဲ့၏။ ၎င်းကို 'အာခီယိုတာရစ်' ဟုခေါ်၏။ ယခုခေတ် ဘဲ၏အရွယ်ခန့်ရှိပြီး ခန္ဓာကိုယ်၊ တောင်ပံနှင့် အမြီးတို့တွင် အမွေးအတောင်များ ရှိသည်။ တောင်ပံများတွင် လက်သည်းများပါ၏။ သွေးနွေးသတ္တဝါဖြစ်ပြီး နှုတ်သီးတွင် ချွန်ထက်သော သွားများစွာ ပါသည်။ တယ်ရိုဆောသည် ဝဲပျံရုံသာ တတ်နိုင်သော်လည်း အာခီယိုတာရစ်တို့သည် တောင်ပံခတ်နိုင်ကြသည်။ တယ်ရိုဆောများ ပျောက်ကွယ်ခဲ့သော်လည်း အာခီယိုတာရစ်၏ မျိုးနွယ်သစ်များသည် ယခုတိုင် ပေါက်ပွားလျက်ရှိသည်။




အစ်သီယော်နစ် ငှက်ငယ်သည် ခရီတေးရှတ်ယုဂ် အတွင်း ကျက်စားခဲ့၏။ ဆင်တီမီတာ ၂၀ ခန့်မြင့်ပြီး သန်မာသောတောင်ပံ ပါရှိသည်။နှုတ်သီးတွင် ချွန်ထက်သော သွားများလည်း ရှိသည်။

‘ဟက်စပါရွန်နစ်’သည် ရေနေငှက်တစ်မျိုးဖြစ်ပြီး ‘ခရီတေးရှတ်’ယုဂ် နောက်ပိုင်းတွင် ကျက်စားခဲ့သည်။ ခန္ဓာကိုယ် ၂ မီတာခန့် ရှည်သည်။ နှုတ်သီးတွင် ချွန်ထက်သော သွားများပါရှိကာ သေးငယ်သောတောင်ပံသာရှိသဖြင့် မပျံနိုင်ပေ။ သို့သော် အရေပြားဆက်ခြေချောင်းများရှိသဖြင့် ကောင်းစွာရေကူးနိုင် ငုပ်နိုင်၏။ ၎င်းတို့၏ အဓိကအစားအစာမှာ ငါးများသာ ဖြစ်ကြသည်။ ဟက်စပါရွန်နစ်ငှက်၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကင်းဆတ်ပြည်နယ်ရှိ နိုင်အိုဗရာရာဒေသတွင် တွေ့ရသည်။





အာခီယိုတာရစ် ကျောက်ဖြစ်ရုပ်ကြွင်း



## ငှက်၏ဆင့်ကဲဖြစ်စဉ်တွင်ပြောင်းလဲလာသည့်သွင်ပြင်များ

ရှေးငှက်တွင် မြီးညောင်းရိုးရှိပြီး ၎င်း၏ မူလမျိုးနွယ် တွားသွားသတ္တဝါကဲ့သို့ သွားများပါရှိသည်။ ယခုခေတ်ငှက်တွင် အမြီးတို့၍ နှုတ်သီးချွန်ကာ သွားမရှိပေ။



# မပျံနိုင်သောငှက်များ

အချို့ငှက်များသည် အတောင်မပါသဖြင့် မပျံနိုင်ကြပဲ အပြေးသန်သည်။ ၎င်းတို့တွင် ‘အေပီယော်နစ်’(ငှက်ဆင်) နှင့် ‘ဒိုင်နော်နစ်’ (‘မိုအာငှက်’) မျိုးတို့ ပါဝင်သည်။ ကိုယ်ထည်ကြီးပြီး ရှည်၍ သန်မာသော ခြေများ ရှိ၏။ အေပီယော်နစ်သည် ငှက်ကုလားအုတ်အရွယ်ခန့် ရှိကာ အာဖရိကတွင် ကျက်စားခဲ့သည်။ ၉ လီတာဝင်ဆံ့သော ၎င်းငှက်ဥများကို တွေ့ရ၏။ မိုအာငှက်သည် ၃ မီတာမှ ၄ မီတာခန့်အထိ မြင့်သည်။နယူးဇီလန်တွင် ကျက်စားခဲ့သည်။ လူ၏ဦးခေါင်းခန့်ရှိသော ဥများကိုတွေ့ရသဖြင့် မကြာမီ ကမှ ပျောက်ကွယ်ခဲ့သည်ဟု ယူဆရသည်။




ဒိုင်ယာထရိုင်မာသည် ၂ မီတာခန့် မြင့်သည်။ မပျံနိုင်သောငှက် ဖြစ်၏။ အီအိုဆင်းအကာယုဂ် အတွင်း မြောက်အမေရိကတွင် ကျက်စားခဲ့၏။

# နို့တိုက်သတ္တဝါတို့၏ ဆင့်ကဲဖြစ်စဉ်

နို့တိုက်သတ္တဝါတို့သည် 'ထရိုင်ယဆစ်' ယုဂ်တွင် စတင် ပေါ်ပေါက်ခဲ့ကြ၏။ ၎င်းတို့သည် 'ဆိုင်နိုနသတ်' ကဲ့သို့ နို့တိုက်သတ္တဝါနှင့်တူသည့် တွားသွားသတ္တဝါများမှ ဆင်းသက်လာကြသည်။ မူလတွင် အကောင်သေးပြီး အပူပိုင်းသစ်တောများတွင် ကျက်စားခဲ့၏။ 'ခရီတေးရှတ်' ယုဂ် အတွင်း ဘူမိဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် တွားသွားသတ္တဝါများ သေကြေပျောက်ကွယ်ခဲ့ပြီးနောက် နို့တိုက်သတ္တဝါတို့ လျင်မြန်စွာ ပေါက်ပွားလာကြသည်။

နို့တိုက်သတ္တဝါတို့ကို အုပ်စုအမျိုးမျိုး ခွဲခြားနိုင်သည်။ အောက်ပါပုံတွင် ၎င်းတို့၏မိသားစု မျိုးနွယ်စဉ်ကို လွယ်ကူအောင် ပြထားသည်။



# နို့တိုက်သတ္တဝါများ

နို့တိုက်သတ္တဝါတို့သည် ကျောရိုးရှိသတ္တဝါများတွင် အထူးခြားဆုံး ဖြစ်သည်။ သက်နှောင်းကပ်မှ ယနေ့တိုင် ကမ္ဘာကိုကြီးစိုးနေသော သတ္တဝါများဖြစ်၏။ ရာသီဥတုအလွန်အေးသည့်အခါမှာပင်ကိုယ်ခန္ဓာ၏ အပူချိန်ကို အရှိန်မြင့်စွာ ထိန်းထားနိုင်သော သွေးနွေးသတ္တဝါများ ဖြစ်သည်။ ခန္ဓာကိုယ်တွင် အမွေးအမှင်များလည်း ရှိသည်။ အများစုသည် အင်္ဂါစုံသောသားငယ်ကို မွေးသည်။ သားငယ်သည် မိခင်၏နို့ကိုမှီဝဲသည်။ အများစု သည် ခြေလေးချောင်းဖြင့် လမ်းလျှောက်ကြသည်။ သို့သော် လူကဲ့သို့သော အချို့နို့တိုက်သတ္တဝါတို့မှာ ခြေ နှစ်ချောင်းဖြင့် လမ်းလျှောက်နိုင်သည်။ နို့တိုက်သတ္တဝါတို့တွင် အထင်ရှားဆုံးမှာ လူ ဖြစ်သည်။



ဆိုင်နိုနသတ်၏ ဦးခေါင်းခွံ



ထရိုင်ယဆစ်ယုဂ်တွင် ကျက်စားခဲ့သော နို့တိုက်သတ္တဝါနှင့် တူသည့် တွားသွားကောင် ဆိုင်နိုနသတ်။ နို့တိုက်သတ္တဝါတို့သည် ၎င်းမှ ဆင်းသက်ခဲ့ကြဟန်တူသည်။



လူသည် နို့တိုက်သတ္တဝါအားလုံးတွင် အဆင့်အမြင့်ဆုံးဖြစ်သည်။အားလပ်ချိန်၌ အပန်းဖြေနေသော မိသားစုတစ်စု

# ဘဲတူဖျံတူ နှင့် ကင်ဂရူး သားပိုက်ကောင်

အာဖရိကတိုက်၊ အာရှတိုက်၊ ဩစတြေးလျတိုက်၊ ဥရောပတိုက်၊ မြောက်နှင့် တောင်အမေရိကတိုက်တို့သည် တချိန်က တပေါင်းတစည်းတည်း တည်ရှိခဲ့ကြ၏။ ထို့နောက် တိုက်ကြီးများ ရွေ့လျားမှုကြောင့် တစ်ခုနှင့်တစ်ခု ကွဲထွက်ဝေးကွာသွားကာ ၎င်းတို့အကြားတွင် ပင်လယ်သမုဒ္ဒရာများ ခြားခဲ့ကြ၏။ သတ္တဝါနှင့်အပင်တို့သည်လည်း ကွဲပြားသွားသည့် အဆက်အနွယ်များအလိုက် ဆက်လက် ရှင်သန်ပေါက်ပွားခဲ့ကြသည်။ ဘဲတူဖျံတူနှင့် 'ကင်ဂရူး' သားပိုက်ကောင်တို့သည် သီးခြားကွဲထွက်သွားသော ဩစတြေးလျတိုက်တွင် နှစ်ထောင်ပေါင်းများစွာ ပြောင်းလဲခြင်းမရှိပဲ ဆက်လက်ရှင်သန် ပေါက်ပွားခဲ့ကြသည်။





ဘဲတူဖျံတူ–၎င်းသည် ဥဥသောသတ္တဝါဖြစ်ပြီး မျက်မှောက်ခေတ် နို့တိုက်သတ္တဝါတို့တွင် ရှေးအကျဆုံးဖြစ်သည်။ အရေပြားဆက်ခြေချောင်းများ ပါရှိ၏။ ဘဲနှုတ်သီးနှင့်တူသည့် မာကျောသော နှုတ်သီးရှိ၏။ မြစ်ကမ်းနံဘေးတွင်နေထိုင်ကျက်စားကြ၏။ ပုရွက်စားကောင်တို့သည်လည်း ဥ ဥသော နို့တိုက်သတ္တဝါများပင် ဖြစ်ကြသည်။

ကင်ဂရူးသားပိုက်ကောင်သည် သားငယ်ကို ကြီးပြင်းလာသည်အထိ မိခင်၏ဝမ်းဗိုက်အောက် အိတ်ထဲတွင် ထည့်၍စောင့်ရှောက်ထားနိုင်သော သတ္တဝါဖြစ်သည်။ ၎င်းတို့သည် နောက်ခြေထောက်နှစ်ချောင်းကို အားပြု၍ ခုန်ကာ လှုပ်ရှားသွားလာကြ၏။ 'အပေါ့ဆမ်' တို့သည်လည်း သားပိုက်ကောင်မျိုးပင် ဖြစ်သည်။

# ဂလိုင်ပတိုဒွန့် နှင့် ပုရွက်စားကောင်ကြီးများ

ယခုခေတ်တွင် မြောက်နှင့် တောင်အမေရိကတိုက်တို့သည် တဆက်တည်းရှိကြသော်လည်း တချိန်က သီးခြားစီရှိပြီး ၎င်းတို့တွင်ရှိသော သတ္တဝါတို့သည်လည်း ကွဲပြားခဲ့ကြသည်။ 'အီဒင်တိတ်'တို့သည် နို့တိုက်သတ္တဝါအုပ်စု တစ်မျိုးဖြစ်ပြီး တောင်အမေရိကတိုက်တွင် ပေါ်ပေါက်ကျက်စားခဲ့ကြ၏။ မျိုးတူသော သွားများပါရှိပြီး စားသောက်ပုံ တူသည် (သို့သော် ၎င်းတို့သည် အများအားဖြင့် သွားများမရှိကြ)။ သင်းခွေချပ်၊'အမာဒီလို'၊ပုရွက်စားကောင်၊ပျောက်ကွယ်ခဲ့ပြီဖြစ်သော 'ဂလိုင်ပတိုဒွန်' နှင့် 'ဂရောင်းစလော့' ဝက်ဝံမျိုးနွယ်တို့သည် အီဒင်တိတ်အုပ်စုဝင်သတ္တဝါများ ဖြစ်သည်။

ပုရွက်စားကောင်ကြီးမျိုး



ပုရွက်စားကောင်ကြီးသည် ထူးဆန်းသောသတ္တဝါဖြစ်သည်။ ၁.၅ မီတာမှ ၂ မီတာအထိ ရှည်သည်။ သေးသွယ်သော ပြွန်နှင့် တူသည့် ရှည်လျားသော ဦးခေါင်းရှိသည်။သွားများမရှိ။ ရှည်လျားပါးလွှာသော လျှာဖြင့် ပုရွက်ဆိတ်နှင့် ပိုးမွှားများကို ဖမ်းစားသည်။ ချွန်ထက်သော ခြေသည်း လက်သည်း၊ အမွေးဖွားသော အမြီးရှိသည်။ ဦး ခေါင်း မှ အပ တကိုယ်လုံးတွင် အမွေးကြမ်းများရှိသည်။'ဂလိုင်ပတိုဒွန့်'သည် ခန္ဓာကိုယ်ကို အခွံမာဖြင့် ဖုံးအုပ်ထားသည့် အီဒင်တိတ်အုပ်စုဝင်ဖြစ်၍ ယခုခေတ် အမာဒီလိုတို့နှင့် နီးစပ်သည်။ 'အီအိုဆင်း'အဏုယုဂ်တွင် ပေါ်ပေါက်ခဲ့ပြီး 'ပလိုင်စတိုဆင်း'အဏုယုဂ်ကုန်တွင် ပျောက်ကွယ်ခဲ့၏။ရှေးဦး ဂလိုင်ပတိုဒွန့်များသည် သေးငယ်ပြီး နောက်ပိုင်းအကောင်များမှာ ၁.၅ မီတာခန့် ရှည်သည်။ ဂလိုင်ပတိုဒွန့်သည် ပလိုင်စတိုဆင်းအဏုယုဂ်တွင် ပေါ်ပေါက်ခဲ့ပြီး ခန္ဓာကိုယ်၊ ဦးခေါင်းနှင့် အမြီးကို မာကျောကျစ်လျစ်သောအရိုးမာချပ်ပြားများဖြင့်ကာကွယ်ထားသည်။ အချို့သော ဂလိုင်ပတိုဒွန့်များတွင် အမြီးထိပ်၌ ရန်သူကိုခုခံကာကွယ်ရန် အရိုးဆူးချွန်များ ပါရှိကြသည်။



ဂလိုင်ပတိုဒွန်



အမြီးတွင်အရိုးဆူးချွန်များပါသော ဂလိုင်ပတိုဒွန့်

## ဖီနာကိုဒတ်

'ဖီနာကိုဒတ်' သည် ခွာပါသော နို့တိုက်သတ္တဝါဖြစ်၍ 'အီအိုဆင်း' အဏုယုဂ်တွင်ပေါ်ပေါက်ကျက်စားခဲ့သည်။ ခွေးအရွယ်ခန့်ရှိပြီး ရှည်လျား၍ တရွတ်ဆွဲသော အမြီးရှိ၏။ အချိုးမကျသော ခြေထောက်လေးချောင်းတွင် ခွာပါသော ခြေချောင်း ငါးခုစီ ရှိသည်။ ဦးခေါင်းသည် နိမ့်၍ ရှည်လျားပြီး မြင်းဦးခေါင်းနှင့် ဆင်တူ၏။ တုံး၍ ကြီးမားသော သွားများ ပါရှိသည်။ အသီးအရွက်စားသတ္တဝါ ဖြစ်သည်။ 'အောလီဂိုဆင်း'အဏုယုဂ်အတွင်း ပျောက်ကွယ်ခဲ့သည်။



## ကော်ရီဖိုဒွန်

'ကော်ရီဖိုဒွန်'သည်လည်း ခွာပါသော နို့တိုက်သတ္တဝါဖြစ်ပြီး အီအိုဆင်းအဏုယုဂ်အတွင်း ပေါ်ပေါက်ခဲ့၏။ ကြံ့သူတော်အရွယ်ခန့် ရှိပြီး နှေးကွေးလေးလံစွာ လှုပ်ရှားသွားလာသည်။ ရှည်သောဦးခေါင်းနှင့် နဖူးရှိပြီး ရေမြင်းနှင့်ဆင်တူသည်။ ဦးနှောက်မှာ အလွန်သေးငယ်၏။ သီးရွက်စားသတ္တဝါဖြစ်သော်လည်း အသားစား သတ္တဝါတို့ကဲ့သို့ ချွန်ထက်သောသွားများ ရှိသည်။ ၎င်းတို့၏ တုတ်ခိုင်သော ခြေထောက်များတွင် ခွာပါသည့် ခြေချောင်း ငါးချောင်းစီ ရှိသည်။



# တိုင်တာနိုသီရီး

'တိုင်တာနိုသီရီး' တို့သည် 'အီအိုဆင်း' အဏုယုဂ်အတွင်း စတင်ပေါ်ပေါက်ခဲ့ကြသည်။ မူလတွင် အကောင်သေး၍ 'ဟိုင်ရာကိုသီရီယမ်' ခေါ် ရှေးဦးမြင်းနှင့်တူသည်။ 'အော်လီဂိုဆင်း' အဏုယုဂ်အတွင်း ၂.၅ မီတာအထိ မြင့်လာသည်။ ကြီးမားလာသည့် ခန္ဓာကိုယ်ကို ထောက်မ ထားနိုင်ရန် ခြေထောက်များသည် ပို၍ရှည်လာ၊ သန်မာလာသည်။ ရှေးဦးအကောင်များ၏ နှာခေါင်းအနီးမှ ဖုသည် နောက်ပိုင်းအကောင်များတွင် ဦးချိုဖြစ်လာသည်။ နောက်ပိုင်း တိုင်တာနိုသီရီးတို့တွင် တုတ်ခိုင်သော ခန္ဓာကိုယ်နှင့် ဦးချိုများပါရှိ၍ ကြံ့နှင့် တူသည်။ ဖွံ့ဖြိုးမှုအထွတ်အထိပ်ရောက်ချိန်တွင်ပင် ပျောက်ကွယ်ခဲ့ဟန်တူသည်။



အော်လီဂိုဆင်းအဏုယုဂ်တိုင်တာနိုသီရီး အုပ်စုဝင် အရွယ်ကြီးမားသည့် ဗရွန်တိုသီရီယမ်

တိုင်တာနိုသီရီယမ်၏ အရိုးစု



တိုင် တာ နို သီ ရီ ယမ် တွင် သေးငယ်သော ဦးခေါင်းနှင့် ကြီးမားသော အောက်မေးရိုး ပါရှိသည်။ ခြေထောက်နှင့် တင်ပါးဆုံရိုး ကြီးမား သန်စွမ်း၏။ ဦးချိုများသည် ထူထဲသိပ်သည်းသော အရိုးများ ဖြစ်သည်။

တိုင်တာနိုသီရီယမ်၏ ဦးခေါင်းခွံ



# ယူအင်တာ သီရီယမ်

'ယူအင်တာသီရီယမ်'သည် အသီးအရွက်စား ကြီးမားသော သတ္တဝါ ဖြစ်သည်။ ကြံ့အရွယ်ခန့်ရှိပြီး 'အီအို ဆင်း' အဏုယုဂ်အတွင်း ကျက်စားခဲ့သည်။ ၂ မီတာခန့် မြင့်ပြီး ၄ မီတာခန့် ရှည်၏။ ကြီးမားလုံးဝန်းသော ခန္ဓာကိုယ်ရှိပြီး ဦးနှောက် အလွန်သေးငယ်သည်။ တုတ်ခိုင်၍ ခွာငါးခုစီပါသော ခြေလေးချောင်း ရှိသည်။ တုတ်ခိုင်သော ဦးခေါင်းထက်တွင် ဦးချိုသုံးစုံပါရှိကာ ဆင်စွယ်နှင့်တူသော စွယ်သွား တစ်စုံသည် အပေါ် မေးရိုးမှ ပေါက်ထွက်နေသည်။ ဖြည်းလေးစွာ လှုပ်ရှားသွားလာကြသည်။ အီအိုဆင်း အဏုယုဂ် အကုန်၌ ပျောက်ကွယ်ခဲ့၏။



ယူအင်တာသီရီယမ်သည် အန်ဂူလေတာ (ခွာပါသော) သတ္တဝါမိသားစုဝင် ဖြစ်သည်။

ယူအင်တာသီရီယမ်၏ အရိုးစု



ယူအင်တာသီရီယမ်တွင် ဦးချိုသုံးစုံရှိသည်။ ပထမ အစုံသည် နှဖူးထိပ်တွင် ရှိ၏။ ဒုတိယ အစုံမှာ နှာခေါင်းထိပ်တွင် ရှိ၏။ တတိယ အစုံမှာ မေးရိုး ထိပ်တွင် ရှိ၏။ စွယ်သွား ကြီးမား ရှည်လျားပြီး ဆင်စွယ်နှင့် သဏ္ဍာန်တူသည်။

# အာဆီနွိုင်သီရီယမ်

အာဖရိကတိုက်သည် စိတ်ဝင်စားဖွယ်တိုက်ဖြစ်သည်။ ပူပြင်းသောဒေသဖြစ်၍ ကန္တာရမြေများဖြင့် ပြည့်နှက်နေရာ သတ္တဝါများနေရန် မသင့်တော်ပေ။ သို့သော် ယခုခေတ်တွင် ထူးခြားသော သတ္တဝါများကို ထိုဒေသများ၌ တွေ့ရ၏။ သတ္တဝါများစွာတို့သည် အာဖရိကတိုက်တွင် စတင်ခဲ့ကြကာ သမိုင်းမတင်မီအချိန်က နေထိုင်ကျက်စားခဲ့ကြသည်။ ဥပမာ- 'အာဆီနွိုင်သီရီယမ်' သည် 'အော်လီဂိုဆင်း'အဏုယုဂ်အတွင်းက အီဂျစ်ပြည်နေရာတွင် နေထိုင်ကျက်စားခဲ့သည်။



အာဆီနွိုင်သီရီယမ်၏ အရိုးစု



အာဆီနွိုင်သီရီယမ်တွင် နဖူးထိပ်၌ ကြီးမားသော ဦးချိုတစ်စုံရှိသည်။ သန်မာတုတ်ခိုင်သော မေးရိုးနှင့် တုံးသောသွားများရှိသည်။ သွားသည် အစာကို ကြိတ်ဝါး၍ စားမြုံ့ပြန်တတ်သော နွားများ၏သွားနှင့် တူ၏။ ခွာပါသော ခြေချောင်းများရှိ၍ 'အန်ဂူလေတာ' အုပ်စုဝင် ဖြစ်သည်။ တုတ်ခိုင်သော ခြေလေးချောင်း ရှိ၏။

# ကုလားအုတ်များ

ပထမဦးဆုံးကုလားအုတ်များသည် 'အီအိုဆင်း' အဏုယုဂ်နောက်ပိုင်းတွင် မြောက်အမေရိကသို့ စတင်ပေါ်ပေါက်ခဲ့ကြသည်။ ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို လော့စအိန်ဂျလိမြို့အနီး ကတ္တရာအိုင်တွင် တွေ့ရ၏။ ရှေးဦးကုလားအုတ်တို့သည် သေးသွယ်သောခန္ဓာကိုယ်ရှိပြီး ဆင်တီမီတာ ၅၀ ခန့်သာ မြင့်သည်။ ၎င်းတို့သည် ဆင့်ကဲဖြစ်စဉ်တလျှောက် အကောင် တဖြည်းဖြည်း ကြီးထွားလာကြသည်။ မြောက်အမေရိကသို့ ရေခဲခေတ်ကုန်ချိန်တွင် ပျောက်ကွယ်ခဲ့ကြသော်လည်း အာရှ၊ အာဖရိကနှင့် တောင်အမေရိကတို့တွင် ဆက်လက်ပေါက်ပွားလျက် ရှိကြသည်။



ပထမဦးဆုံး ကုလားအုတ်များ

## ယခုခေတ် ကုလားအုတ်များ

ယခုခေတ် ကုလားအုတ်တွင် ကျောပေါ်၌ ဘို့ပါရှိသည်။ အာရပ်ကုလားအုတ်မျိုးတွင် ဘို့တစ်ခုသာရှိပြီး 'ဗက်ထရီယန်' ကုလားအုတ် မျိုး တွင် ဘို့ နှစ် ခု ရှိ သည်။ ကုလားအုတ်ဘို့သည် အ ဆီ ဖြင့် ပြီးသဖြင့် အစာရေစာ မရရှိသည့်အခါ ထိုဘို့မှအဆီများက ခွန်အားကို ဖြစ်ပေါ် စေသည်။ ထို့ကြောင့် ကုလားအုတ်တို့သည် အချိန်အတော်ကြာ အစာမစားပဲ နေနိုင်ကြခြင်းဖြစ်၏။ ၎င်းတို့တွင် ကျယ်ပြန့်၍ ပြား သော ခြေထောက်များပါရှိရာ သဲပေါ် တွင် လွယ်ကူစွာ လမ်းလျှောက်နိုင်ကြသဖြင့် သဲကန္တာရများတွင် လူနှင့် ကုန် ပစ္စည်း များ သယ်ဆောင်ရန် အသုံးဝင်သည်။ လမ်းလျှောက်သောအခါ ညာခြေနှစ်ချောင်းနှင့် ဗယ်ခြေနှစ်ချောင်းကို အစုံလိုက် အလှည့်ကျ ရှေ့သို့လှမ်းတက်သဖြင့် ခန္ဓာကိုယ် လွန်စွာ လှုပ်ယမ်းသည်။ စီးရာတွင် သက်သောင့်သက်သာမရှိလှပေ။



# မြင်းတို့၏ ဆင့်ကဲဖြစ်စဉ်

သတ္တဝါတို့သည် စတင်ပေါ်ပေါက်သည်မှ ယခုခေတ်အထိ တနည်းမဟုတ်တနည်း ပြောင်းလဲခဲ့ကြသည်။ အချို့သည် ခန္ဓာကိုယ် တဖြည်းဖြည်း ကြီးလာ၍ အချို့မှာ ခြေထောက်နှင့် လည်ပင်း ရှည်ထွက်လာသည်။ အချို့မှာ မျက်နှာပုံ ပြောင်းလဲလာပြီး အချို့တွင် သွားအရေအတွက် ပြောင်းလဲလာသည်။ မည်သည့်သတ္တဝါမျှ ခြေချောင်းများ တိုးမလာပေ။ လျော့သွားသည်ကိုသာ တွေ့ရ၏။ ဤသို့လျော့သွားသော သတ္တဝါမျိုးတွင် မြင်းသည်လည်း အပါအဝင် ဖြစ်သည်။


ဟိုင်ရာကိုသီရီယမ်


မယ်ရီချစ်ပတ်


မြင်းမနှင့်သားငယ်

ပထမဦးဆုံးမြင်းသည် 'ဟိုင်ရာကိုသီရီယမ်' သို့မဟုတ် 'အီအိုဟစ်ပဘ်' ဖြစ်ပြီး 'အော်လီဂိုဆင်း'အဏုယုဂ်အတွင်း စတင်ပေါ်ပေါက်ခဲ့သည်။ ၎င်းတွင် သေးသွယ်သော ခြေထောက်များပါရှိကာ ရှေ့ခြေတွင် ခွာခြေချောင်း လေးချောင်းနှင့် နောက်ခြေတွင် ခွာခြေချောင်းသုံးချောင်း ပါရှိသည်။ 'မယ်ရီချစ်ပတ်' သည် ပို အဆင့်မြင့်သော မြင်းဖြစ်ပြီး 'မိုင်အိုဆင်း'အဏုယုဂ်အတွင်း ပေါ်ပေါက်ခဲ့သည်။ ၎င်းသည် မြည်းအရွယ်ရှိပြီး ရှည်သောခြေထောက်များရှိကာ ရှေ့ခြေတွင် ခွာခြေချောင်းသုံးချောင်း ရှိသည်။ 'ပလိုင်အိုဟစ်ပတ်' သည် မိုင်အိုဆင်းအဏုယုဂ် နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည်။ မယ်ရီချစ်ပတ်ထက် ခန္ဓာကိုယ်ရောဦးနှောက်ပါ ပိုကြီး၏။ 'အေကွတ်' ခေါ် ယခုခေတ်မြင်း၏ ခြေထောက်တွင် ခွာတစ်ခုသာ ရှိသည်။ လားနှင့်မြင်းကျားတို့သည် မြင်းမိသားစုတွင် ပါဝင်ကြသည်။

မြင်းများ၏ဦးနှောက်အရွယ်အစားကို နှိုင်းယှဉ်ပြပုံ





ပလိုင်အိုဟစ်ပတ်


ယခုခေတ်မြင်း

# ဒက်စမို စတိုင်လတ်

'ဒက်စမိုစတိုင်လတ်' သည် 'မိုင်အိုဆင်း' အဏုယုဂ်အတွင်း ကျက်စားခဲ့သော နို့တိုက်သတ္တဝါဖြစ်ပြီး ရေမြင်းအရွယ်ခန့်ရှိသည်။ အစွယ်တစ်စုံ ပါရှိ၏။ အံသွားများသည် ဖယောင်းတိုင်များကို ပူးထားသည်နှင့် တူသည်။ လုံးဝန်းသောနံရိုးစု ရှိသည်။ ပင်လယ်ကမ်းခြေများတွင် ကျက်စားကြရာ သန်မာတုတ်ခိုင်သော ခြေထောက်များသည် လှုပ်ရှားသွားလာရာနှင့်ရေကူးရာတွင် အသုံးဝင်၏။ ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဂျပန်ပြည်နှင့် မြောက်အမေရိကတွင် တွေ့ကြရသော်လည်း အမျိုးအစားခွဲခြားလေ့လာရန် မပြည့်စုံသေးပေ။



ဒက်စမိုစတိုင်လတ်၏ အရိုးစု





ဒက်စမိုစတိုင်လတ်၏ အံသွား

# အယ်လိုဒက်စမတ်

'အယ်လိုဒက်စမတ်' သည် 'ဆီးလိုင်းယန်း'ခေါ် ဖံ့မျိုးမိသားစုဝင် နို့တိုက်သတ္တဝါဖြစ်သည်။ ၎င်းတို့သည် 'ဒက်စမိုစတိုင်လတ်' တို့နှင့်တချိန်တည်း ပင်လယ်၌ ကျက်စားခဲ့ကြ၏။ ၂မီတာခန့်ရှည်ပြီး အမြီး တိုသည်။ ခြေလေးချောင်းမှာ ဆူးတောင်များသဖွယ် ဖြစ်နေသဖြင့် လမ်းလျှောက်ရန်ထက် ရေကူးရန် ပိုသင့်တော်၏။ ၎င်းတို့သည် ငါးနှင့် အခြားပင်လယ်သတ္တဝါများကို စားကြသည်။ ကောင်းမွန်ပြည့်စုံသော အယ်လိုဒက်စမတ်၏ ရုပ်ကြွင်း တစ်စုံကို အမေရိကန်ပြည်ထောင်စုတွင် အဆောက်အအုံဆောက်သည့်နေရာတစ်ခု၌ တူးဖော်တွေ့ရှိရသည်။



အယ်လိုဒက်စမတ်၏အရိုးစု

ဆင်၊ ဒက်စမိုစတိုင်လတ် နှင့် အယ်လိုဒက်စမတ်တို့၏ ခြေထောက်များကို နှိုင်းယှဉ်ပြပုံ




သတ္တဝါတို့၏ ခြေထောက်အရိုး ဖွဲ့စည်းပုံသည် ၎င်းတို့နေထိုင်ပုံအလိုက်ကွာခြားသည်။အသုံးမပြုသော အရိုးများသည် တဖြည်းဖြည်းပျောက်ကွယ်ခဲ့ကြကာ အမြဲအသုံးပြုသော အရိုးများမှာ တဖြည်းဖြည်း သန်မာကြီးထွားလာကြသည်။ ဆင်တို့သည် ကြီးမားလေးလံသော ခန္ဓာကိုယ်ရှိသဖြင့် ခြေထောက်ရိုးများသည် သိပ်သည်းကျစ်လျစ်ပြီး ကြီးမားကြသည်။ ဒက်စမိုစတိုင်လတ်၏ အတွင်းဘက် ခြေချောင်းများသည် အပြင်ဘက် ခြေချောင်းများ၏ ပုံသဏ္ဌာန်နှင့် ကွာခြားသည်။ အယ်လိုဒက်စမတ်တွင် သေးသွယ်သော အပြင်ဘက်ခြေချောင်းရိုးများ ရှိကြပြီး ပူးလိုက်လျှင် ဆူးတောင်နှင့် တူ၍ ရေကူးနိုင်သည်။

# ဆီးကောင်း(ရေဝက်မျိုး)

နို့တိုက်သတ္တဝါအများစုသည် ကုန်းပေါ်တွင်နေကြပြီး အချို့ရေထဲတွင်နေသည်။ 'ဆီးကောင်း' သည် ယခုခေတ် ပင်လယ်နေနို့တိုက်သတ္တဝါဖြစ်ပြီး ရေတွင် ကောင်းစွာ ကျက်စားနိုင်၏။ 'အီအိုဆင်း'အဏုယုဂ်တွင်စတင်ပေါ် ပေါက်ကာ ပင်လယ်ကမ်းခြေနှင့် မြစ်ဝများတွင်ကျက်စားခဲ့သည်။ ရေမြုပ်ဗုံးသဏ္ဍာန် ခန္ဓာကိုယ်ရှိပြီး လည်ပင်းမရှိပေ။ သန်မာသောအမြီး၊ ရေယက်နှင့်တူသော ရှေ့ခြေနှင့် သေးငယ်သော နောက်ခြေထောက်များရှိပြီး ရေကူး အလွန်တော်သည်။ ယခုခေတ်ဆီးကောင်းများတွင် 'မင်နာတီး'နှင့်ရေဝက်('ဒူးဂေါင်း')တို့ ပါဝင်သည်။



ရှေး ဆီးကောင်း



ယခုခေတ် ဆီးကောင်း (မင်နာတီး)

# ဝေလငါးများ

ဝေလငါးသည် ပင်လယ်နေ နို့တိုက်သတ္တဝါ ဖြစ်သည်။ ရေတွင်သာကျက်စားနိုင်၏။ ခန္ဓာကိုယ်သည် ချောမွေ့၍ ငါးနှင့်သဏ္ဍာန်တူသည်။ လည်တိုင်မရှိ။ ရှေ့ခြေထောက်များသည် ပဲ့သဖွယ်ရေယက်များ ဖြစ်ကြပြီး နောက်ခြေထောက် မရှိပေ။ အဆုတ်ပါရှိပြီး ဦးခေါင်းထိပ်ပေါ်မှ အပေါက်ဖြင့် လေရှူ၏။ ဝေလငါးတွင် အမွေးမရှိပေ။ သို့သော် အရေခွံအောက်တွင် 'ဗလာဗာ' ဟု ခေါ်သော အဆီလွှာပါရှိသဖြင့် ခန္ဓာကိုယ်ကို နွေးထွေးစေနိုင်သည်။ ၎င်းတို့သည် သားငယ်ကိုမွေးပြီး အခြား နို့တိုက်သတ္တဝါများကဲ့သို့ မိခင်၏နို့ကို တိုက်ကျွေးသည်။

ရှေးဦးဝေလငါးဖြစ်သော ဇူဂလိုဒွန်၏ အရိုးစု



ပထမဦးဆုံး ဝေလငါးသည် 'ဇူဂလိုဒွန်' ဖြစ်ပြီး 'အီအိုဆင်း' အဏုယုဂ်အတွင်း ကျက်စားခဲ့၏။ သေးသွယ်သော ခန္ဓာကိုယ်ရှိကာ မီတာ ၂၀ ခန့် ရှည်သည်။ နှုတ်သီးနှင့်တူ၍ သွားကြီးများ ပါသော မေးရိုးရှိ၏။ အီအိုဆင်းအဏုယုဂ် ကုန်ချိန်တွင် ပျောက်ကွယ်ခဲ့သည်။ ခေတ်သစ်ဝေလငါးတို့သည် 'အော်လီဂိုဆင်း' အဏုယုဂ်တွင် ပေါ်ပေါက်ခဲ့ကြပြီး အုပ်စုနှစ်မျိုး ခွဲခြားနိုင်သည်။ သွားပါ ဝေလငါးမျိုးနှင့် ရေစစ်ပါ ဝေလငါးမျိုး ဟူ၍ဖြစ်သည်။ သွားပါသည့် ဝေလငါးတို့တွင် ရှည်သောမေးရိုးနှင့် ချွန်ထက်သော သွားများ ရှိကြ၏။ လင်းပိုင်နှင့် 'စပမ်း' ဝေလငါးတို့သည် ထို ဝေလငါးမျိုး ဖြစ်သည်။ ရေစစ်ပါ ဝေလငါးတွင် သွားမရှိပဲ အာခေါင်၌ မာကျောသော အရေခွံ တစ်စုံပါရှိသည်။ ထိုအရေခွံသည် စကောသဖွယ်ဖြစ်ပြီး ပင်လယ်သတ္တဝါများကို ရေမှစစ်ယူ စားသုံးသည်။ ဝေလငါးပြာတို့သည် မီတာ ၃၀ ခန့် ရှည်ပြီး တန် ၁၅၀ ခန့် လေး၏။ ၎င်းတို့သည် ရေစစ်ပါ ဝေလငါးမျိုး ဖြစ်ကြပြီး ကမ္ဘာဦး 'ဒိုင်နိုဆော' အားလုံးထက် ပို၍ ကြီးမားသည်။

ရေစစ်ပါဝေလငါးနှင့် သွားပါဝေလငါး၏ မေးရိုးတို့ကို နှိုင်းယှဉ်ပြပုံ




ယခုခေတ်ပင်လယ်နေ အချို့သော
နို့တိုက်သတ္တဝါများ
အတွေ့ရများသော လင်းပိုင်
ရှိုးရှိုးဝေလငါး
ကျောခုံးဝေလငါး
ဝေလငါးပြာ
စပမ်းဝေလငါး

# မိုရီသီရီယမ်

'မိုရီသီရီယမ်' တို့သည် ပထမဆုံး 'ပရိုဗိုစီဒီယန်'(ဆင်မျိုးနွယ်ဝင်)သတ္တဝါဖြစ်ပြီး 'အီအိုဆင်း' အဏ္ဏုယုဂ်နောက်ပိုင်းအချိန်က အီဂျစ်ပြည်နေရာတွင် ကျက်စားခဲ့သည်။ ဆင်တီမီတာ ၇၀ ခန့် မြင့်ပြီးရှည်သောခန္ဓာကိုယ်ရှိ၏။ ဦးခေါင်းရှည်ပြီး နှာခေါင်းပေါက်နှင့်မျက်လုံးတို့သည် ရှေ့ဘက် ကျကျ တည်ရှိကြသည်။ အစွယ်နှင့်တူသည့် ရှေ့သွားများပါရှိကြရာ ၎င်းတို့သည် ဆင်များတွင် အစွယ်ဖြစ်ပေါ်စေမည့် အရိပ်လက္ခဏာပင်ဖြစ်၏။ မိုရီသီရီယမ်တွင် နှာမောင်းပီပီသသ မဖြစ်ပေါ်သေးပဲ ၎င်းတို့မှ ဆင်းသက်လာကြသည့် ဆင်များတွင်သာ နှာမောင်း ပီသလာကြသည်။





မိုရီသီရီယမ်၏ အရိုးစု

# ဒိုင်နိုသီရီယမ်

‘ဒိုင်နိုသီရီယမ်’သည် ဆင်မျိုးနွယ်ဝင်ဖြစ်ပြီး ‘မိုင်အိုဆင်း’အဏုယုဂ် အတွင်း ဥရောပတွင် ကျက်စားခဲ့သည်။ ၎င်းသည် အကောင်ကြီးမားပြီး ၃ မီတာခန့် မြင့်၏။ ဆင်များမှာကဲ့သို့ နှာမောင်းပါသည်။အစွယ်နှစ်ချောင်း ပါသော်လည်း ဆင်မှာကဲ့သို့ အပေါ်မေးရိုးမှမထွက်ပဲ အောက်မေးရိုးမှ ထွက်သည်။ အောက်မေးရိုးနှင့်အစွယ်တို့သည် အောက်ဘက်သို့ ကွေးဆင်းလျက်ရှိ၏။ ၎င်းတို့၏အစွယ်သည် မည်ကဲ့သို့အသုံးဝင်ခဲ့သည်ကို အသေအချာ မသိရပေ။ သစ်ပင်နှင့်အမြစ်များကို တွန်းလှန်ထိုးဆွရန်အတွက် အသုံးပြုခဲ့ကြဟန်တူသည်။



ဒိုင်နိုသီရီယမ်၏ ဦးခေါင်းခွံ



ယခုခေတ် ဆင်



# မာစတိုဒွန်ဆင်

'သက်နှောင်းကပ်'သည် လွန်ခဲ့သည့် နှစ် သန်း ၇၀ ခန့်မှစခဲ့ပြီး ထိုအချိန်အခါမှစ၍ နို့တိုက်သတ္တဝါများစွာ ပေါ်ပေါက်ခဲ့ကြ၏။ ထိုကာလအတွင်း၌ပင် လူ စတင် ပေါ်ပေါက်ခဲ့သည်။ သက်နှောင်းကပ် အလယ်ပိုင်းက ဆင်မျိုးနွယ်များစွာတွင် တိုသောနှာမောင်းနှင့် အစွယ်များသာရှိ၏။ နောက်ပိုင်းတွင် အစွယ်နှင့်နှာမောင်းတို့ ပိုရှည်ထွက်ကြပြီး ယခုခေတ်ဆင်နှင့် ပို တူလာသည်။ 'မာစတိုဒွန်' ဆင်သည် အီဂျစ်ပြည်နေရာတွင် စတင်ပေါ်ပေါက်ခဲ့၏။ ရှေးဦး မာစတိုဒွန်ဆင်တွင် အပေါ်နှင့် အောက်မေးရိုး နှစ်ခုစလုံး၌ အစွယ်ရှိသည်။



'ဖီအိုမာ'သည် ရှေးအကျဆုံးသော မာစတိုဒွန်ဆင်မျိုးဖြစ်ပြီး ကြီးမားသည့် ဦးခေါင်းပါရှိကာ ၂ မီတာခန့် မြင့်သည်။ ၎င်းတွင် ရှည်သော မေးရိုးနှင့် အစွယ်တစ်စုံသည် အပေါ်မေးရိုးမှပေါက်ကာ အောက်ဘက်သို့ ကွေးထွက်နေ၏။ အခြား တစ်စုံမှာ အောက်မေးရိုးမှ တန်းတန်း ပေါက်ထွက်သည်။ပိပြင်သော နှာမောင်းရှိပြီး နှာခေါင်းပေါက်များသည် ဦးခေါင်းပေါ်တွင် မြင့်မားစွာ တည်ရှိကြသည်။

## အမေရိကန် မာစတိုဒွန် ဆင်

အမေရိကန် 'မာစတိုဒွန်'ဆင်တို့သည် 'ပလိုင်စတိုဆင်း' အဏုယုဂ်အတွင်း ပေါ်ပေါက်ကျက်စား ခဲ့ကြသည်။ ယခုခေတ်ဆင်အရွယ်ခန့်ရှိပြီး ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်ရှိ၏။ ခြေထောက် ရှည်ပြီး သန်မာတုတ်ခိုင်သည်။ အပေါ် မေးရိုးမှ အောက်ဘက်သို့ ကွေးဆင်းထွက်ပြီး အဖျားချွန်၍ ကော့တက်သော အလွန်ရှည်သည့် အစွယ်တစ်စုံ ရှိသည်။ အညိုရောင်အမွေးများ ပါရှိသည်။ ၎င်းတို့သည် အုပ်စုဖွဲ့၍ မြောက်အမေရိကတွင် လှည့်လည်နေထိုင်ခဲ့ကြရာ ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများစွာကို ထိုဒေသ၌ တူးဖော်တွေ့ကြရသည်။



# မမ်မတ်ဆင်များ

'မမ်မတ်'ဆင်တို့သည် အာရှ၊ ဥရောပနှင့် အမေရိကတို့တွင် ကျက်စားခဲ့ကြ၏။ အမျိုးပေါင်းများစွာ ရှိပြီး အချို့မှာ ၄ မီတာအထိ မြင့်သည်။ ၎င်းတို့အားလုံးတွင် ရှည်လျားကွေးကောက်သော အစွယ်များပါရှိ၏။ အချို့တွင် ၃ မီတာမှ ၅ မီတာအထိရှည်သော အစွယ်များရှိသည်။ အမွေးရှည် မမ်မတ်ဆင်တစ်မျိုးတွင် သားမွေးကဲ့သို့သော အမွေးရှည်များရှိပြီး အေးသော ဒေသများတွင် နေခဲ့ကြ၏။ ဆိုက်ဘေးရီးယားနှင့် အလာစကာတွင် မမ်မတ်ဆင်တို့၏ ရုပ်ကြွင်းများသည် အသားနှင့် အမွေးအမှင်များမပျက်စီးပဲ ရေခဲပြင်အောက်၌ နှစ်မြုပ်နေခဲ့ကြသည်မှာ နှစ်ပေါင်း ၂၀,၀၀၀ခန့်ပင်ကြာမြင့်ခဲ့ပေပြီ။



ဆိုက်ဘေးရီးယားတွင်တွေ့ရသော ရေခဲလျက်ရှိသည့် အမွေးရှည် မမ်မတ်ဆင်၏ အရိုးစု



## ဆင်တို့၏ ဆင့်ကဲဖြစ်စဉ်





အယ်လီဖသည် နှစ်တစ်သန်း ခန့်ကရှိခဲ့သော ဆင်တစ်မျိုး ဖြစ်သည်။ တိုသောအောက် မေးရိုး၊ တုံးသော နောက် အံသွားများ ရှိသည်။





စတက်ဂိုဒွန်သည် လွန်ခဲ့သည့် နှစ်တစ်သန်း ခန့်က ကျက်စားခဲ့သော ဆင်တစ်မျိုး ဖြစ် သည်။ ၎င်းတွင် အောက်မေးရိုးရှေ့ပိုင်းနှင့် ရှေ့သွားများ မရှိကြပေ။





မာစတိုဒွန်ဆင်တွင် တိုသောမေးရိုးပါရှိပြီး နောက်အံသွားများပေါ်၌ ကြီးထွားသော ဖုတန်းများကို ထင်ရှားစွာ တွေ့နိုင်သည်။





ဂွန်ဖိုသီရီယမ် တွင် ရှည်လျားသော အောက်မေးရိုး ရှိ၏။ နောက်အံသွားပေါ် တွင်ဖုတန်းများ စတင်ကြီးထွားလာသည်။



မိုရီသီရီယမ်၏ နောက်အံသွားပေါ်တွင် သေးငယ်သော ဖုတန်းများ ပါရှိသည်။







ပေလီယိုမာစတိုဒွန် တွင် ရှည်လျားဆန့် တန်းသော အောက်မေးရိုးပါရှိပြီး အပေါ် ရှေ့သွားသည် အစွယ်ကဲ့သို့ ဖြစ်နေသည်။

# ကြံ့များ

‘ပယ်ရီဆိုဒက်တိုင်း’သည် မဂဏန်းအရေအတွက်ခွာရှိ နို့တိုက်သတ္တဝါ ဖြစ်သည်။ ကြံ့သည် ခွာသုံးခုရှိ၍ ပယ်ရီဆိုဒက်တိုင်း အုပ်စုဝင်ဖြစ်ပြီး ‘အီအိုဆင်း’ အဏုယုဂ်၌ ပေါ်ပေါက်ခဲ့သည်။ ရှေးဦးကြံ့တို့တွင် ဦးချိုမပါ၊ နောက်ပိုင်း ကြံ့များတွင်သာ ဦးချိုတစ်ချောင်း သို့မဟုတ် နှစ်ချောင်းပါသည်။ ကြံ့၏ ဦးချိုသည် အမွေးအမှင်များဖြင့် ကျစ်လျစ်စွာဖွဲ့စည်းထားသောကြောင့် ထူးခြားသည်။ ရေခဲခေတ်အတွင်း ကျက်စားခဲ့သော ကြံ့အချို့တွင် သားမွေးရှည်များ ရှိ၏။ ထိုကြံ့ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်၊ ဆိုက်ဘေးရီးယား၊ အာဖရိက၊ ဥရောပ၊ တောင်နှင့်မြောက် အမေရိကတို့တွင် တွေ့ရ၏။ ၁.၅ မှ ၂ မီတာအထိ မြင့်သည်။



ရေခဲခေတ် အအေးဒဏ်ကို ခံနိုင်ရန် အမွေးရှည် ကြံ့တို့၏ ခန္ဓာကိုယ်ကို ထူထဲသည့် သားမွေးက ကာကွယ်ထားကြ၏။



အမွေးရှည်ကြံ့၏ အရိုးစု

## မက်ခရောချီးနီးယား

‘မက်ခရောချီးနီးယား’သည် မဂဏန်းအရေအတွက်ခွာရှိ နို့တိုက်သတ္တဝါဖြစ်သည်။ ‘ပလိုင်အိုဆင်း’နှင့်‘ပလိုင်စတိုဆင်း’အဏုယုဂ်အတွင်း တောင်အမေရိကတွင် ပေါ်ပေါက်ခဲ့၏။ ခွာသုံးခုစီပါပြီး တုတ်တိုသော ခြေလေးချောင်းရှိကာ မြည်းအရွယ်ခန့် ရှိသည်။ ဦးခေါင်းကျဉ်းမြောင်းရှည်လျားပြီး နှုတ်သီးသည် အောက်ဘက်သို့ ကွေးဆင်းနေသည်။ သွားများစွာပါရှိပြီး မြက်နှင့် သစ်ရွက်များကို စား၏။‘ဆော်ရိုပေါ့ ဒိုင်နိုဆော’ ကဲ့သို့ နှာခေါင်းပေါက်များသည် ဦးခေါင်းထိပ်တွင်ရှိသဖြင့် နှာခေါင်းကိုပေါ်ရုံဖော်၍ ရေထဲ ဆင်းနေနိုင်သည်။



# တောက်ဆိုဒွန်

‘တောက်ဆိုဒွန်’ သည် ‘မက်ခရောချီးနီးယား’ ကဲ့သို့ ခွာပါသော သတ္တဝါဖြစ်ပြီး တောင်အမေရိကတွင်သာ နေထိုင်ကျက်စားခဲ့သည်။ ၎င်းသည် ကြီးမားတုတ်ခိုင်၍ ကြံ့နှင့် ဆင်တူပြီး ၁.၅ မီတာမှ ၂ မီတာခန့်အထိ မြင့်၏။ တုတ်တိုသည့်ခြေထောက်များ ပါရှိသည်။ အသီးအရွက်စား သတ္တဝါဖြစ်သည်။ ကြီးမားသော ခန္ဓာကိုယ်တွင်း၌ အစာများစွာ သိုထားနိုင်သည်။ သဘာဝသိပ္ပံပညာရှင်ကြီး ချားဒါဝင်သည် တောင်အမေရိကသို့ စူးစမ်းရှာဖွေရေးခရီးထွက်စဉ်က တောက်ဆိုဒွန်ကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ခဲ့သည်။



# မီဂါလိုဆီရော့

'မီဂါလိုဆီရော့' သည် ကြီးမားသောဒရယ် ဖြစ်သည်။ 'ပလိုင်အိုဆင်း' အဏုယုဂ်အတွင်း ပေါ် ပေါက်ခဲ့ပြီး ဥရောပ၊ အာရှနှင့် မြောက်အမေရိကတို့တွင် ကျက်စားခဲ့သည်။ ယခုခေတ် ဒရယ်ထက်ပိုကြီးပြီး ၂မီတာခန့်မြင့်၏။ကျယ်ပြန့်ပြားချပ်သော ဦးချိုများရှိပြီး ဦးချိုထိပ်ဖျား တစ်ခုနှင့်တစ်ခု ၃ မီတာခန့် ကွာဝေးသည်။ ထိုဦးချိုသည် အထီးတွင် ပိုဖြစ်ထွန်းသည်။ မီဂါလို ဆီရော့သည် စုံဂဏန်းအရေအတွက်ခွာရှိသော နို့တိုက်သတ္တဝါများဖြစ်သည့် 'အာတီယိုဒက် တိုင်း' အုပ်စုဝင် ဖြစ်သည်။



မီဂါလိုဆီရော့သည် ရေခဲခေတ်တွင် နေထိုင်ကျက်စားခဲ့သည်။ ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဆင်၊ ပြောင်နှင့် အခြားဒရယ်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အတူ တွေ့ကြရ၏။ ဥရောပမျိုးနွယ် မီဂါလိုဆီရော့၏ ကြီးမားသော ဦးချိုသည် ဦးခေါင်းထိပ်မှာ ပေါက်သည်။ အာရှမျိုးနွယ်များမှာ နဖူးထက်မှ ပေါက်သော သစ်ခက်သဖွယ် ဦးချိုသည် နှာခေါင်းပေါ်အထိ မိုးနေသည်။

သမိုင်းမတင်မီ အချိန်က လူတို့သည် မီဂါလိုဆီရော့တို့ကို အသားနှင့် ဦးချိုအတွက် သတ်ဖြတ်ခဲ့ကြပြီး အသားကိုစား၍ ဦးချိုများကို လက်နက်ပြုလုပ်သည်။ မီဂါလိုဆီရော့၏ သားရေ ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားကို မတွေ့ရသော်လည်း ၎င်းတို့သည် ခန္ဓာကိုယ်ကို သားရေဖြင့် ဖုံးအုပ်ထားသည့် သတ္တဝါများ ဖြစ်နိုင်သည်။



မီဂါလိုဆီရော့၏ ဦးချိုကျောက်ဖြစ်ရုပ်ကြွင်း

# ဓားကောက်ပုံ စွယ်သွားပါ ကြောင်များ

ကြောင်မိသားစုဝင် အချို့သတ္တဝါတို့သည် သစ်တောများ၊ တောင်တန်းဒေသများတွင် နေကြသည်။ ချွန်ထက်သော ခြေသည်းလက်သည်းနှင့်အစွယ်တို့ဖြင့် အခြားသတ္တဝါတို့ကို သတ်ဖြတ်စားကြ၏။ ကျား၊ ကျားသစ်နှင့် ခြင်္သေ့တို့သည် ထိုသတ္တဝါအုပ်စုဝင် ဖြစ်သည်။ ဓားကောက်ပုံစွယ်သွားပါ ကြောင်တို့သည် အသားစား ကြောင်မျိုးဖြစ်ပြီး ယခုခေတ် ကျားအရွယ်ရှိ၍ လွန်စွာကြောက်ဖွယ် ကောင်း၏။ 'ပလိုင်စတိုဆင်း' အဏုယုဂ်တွင် ကျက်စားခဲ့၏။ အပေါ် မေးရိုးတွင် သားကောင်ကိုကိုက်ဖြဲရန် ဓားကောက်ပုံ အစွယ်နှစ်ချောင်း ပါပြီး ကျယ်သော ပါးစပ်ရှိခြင်းကြောင့် 'မာစတိုဒွန်' ဆင်ကဲ့သို့သော သတ္တဝါများကိုပင် တိုက်ခိုက်နိုင်သည်။



ဓားကောက်ပုံစွယ်သွားပါကြောင်သည် ပါးစပ်ကို ပိတ်လိုက်လျှင် အစွယ်တို့သည် အောက်မေးရိုးကို ကျော်၍ အောက်သို့ ရှည်ထွက်နေသည်။

အသားစားသတ္တဝါအားလုံးတွင် ချွန်ထက်သော ရှေ့သွားများနှင့် ရှည်လျားချွန်ထက်သည့် အစွယ်များပါပြီး ကောက်ကွေးသော ခြေသည်း လက်သည်းများလည်း ရှိကြ၏။ အောက်ပါပုံများသည် အသားစားသတ္တဝါ လေးမျိုး၏ ဦးခေါင်းများ ဖြစ်သည်။ ဝက်ဝံသည် ကြီးမားသော စွယ်သွားရှိပြီး အသားနှင့် အသီးအရွက် နှစ်မျိုးလုံးကို စားသည်။ အချို့ဝက်ဝံတို့မှာ ဦးခေါင်းမှ အမြီးအထိ ၃ မီတာခန့်ပင် ရှည်လျား၏။ ခွေးသည် ယဉ်ပါးသော သတ္တဝါ ဖြစ်သော်လည်း အသားစား တိရစ္ဆာန်မျိုးပင် ဖြစ်သည်။ ကျားသည် ကြောင်မိသားစုတွင် ပါဝင်၍ အသားကို ကိုက်ဖဲ့ရန် ရှည်လျားချွန်ထက်သော သွားများ ပါရှိ၏။ ဓားကောက်ပုံ စွယ်သွားပါ ကြောင်တို့တွင် ဆင်တီမီတာ ၂၀ ခန့် ရှည်သော အစွယ်များ ပါရှိကြသည်။



ဝက်ဝံ ခွေး ကျား ဓားကောက်ပုံစွယ်သွားပါ ကြောင်

# ဂရောင်းစလော့ ဝက်ဝံကြီးများ

ရှေးနို့တိုက်သတ္တဝါ 'ဂရောင်းစလော့'ဝက်ဝံကြီးများသည် 'ပလိုင်စတိုဆင်း'အဏုယုဂ်အတွင်း ကျက်စားခဲ့ကြသည်။ တောင်အမေရိကတွင် စတင်ပေါ်ပေါက်ခဲ့ပြီး မြောက်အမေရိကအထိ ပျံ့နှံ့ခဲ့သည်။ ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို လော့စအိန်ဂျလိမြို့အနီး ကတ္တရာအိုင်များမှာ တွေ့ကြရ၏။ ဝက်ဝံညိုအရွယ် ရှိသည်။ ရှည်လျားကောက်ကွေးသည့် ခြေသည်းလက်သည်းများရှိ၍ ခြေလက်များကိုခွင်ပြီး လမ်းလျှောက်ရသဖြင့် နှေးကွေးလေးလံသည်။ သစ်ရွက်သစ်ခေါက်ကို စားသည်။ နေ့တွင် အိပ်၍ ညတွင် အစာရှာသည်။



ဂရောင်းစလော့ဝက်ဝံကြီး၏ အရိုးစု



# ရေခဲခေတ်

‘ပလိုင်အိုဆင်း’ အဏုယုဂ်ကုန်ချိန်တွင် ကမ္ဘာသည် တဖြည်းဖြည်း အေးလာပြီး နေရာအနှံ့အပြားတွင် ရေခဲများ၊ ဆီးနှင်းများ ဖုံးလွှမ်းနေခဲ့သည်။ သမပိုင်းဒေသများတွင် နေကြသော ‘မမ်မတ်’ဆင်နှင့် အမွေးရှည်ကြံ့တို့သည် အအေးဒဏ်မှ လွတ်မြောက်ရန်ကမ္ဘာ့တောင်ပိုင်းသို့ တဖြည်းဖြည်း ပြောင်းရွှေ့ခဲ့ကြ၏။ နှစ်တစ်သန်းကာလအတွင်း “ရေခဲခေတ်” လေးကြိမ်ဖြစ်ပေါ်ခဲ့သည်။ ရေခဲခေတ် တစ်ခေတ်စီသည် ကာလအားဖြင့် နှစ်ပေါင်းငါးသောင်းမှ လေးသိန်းအထိ ကြာမြင့်ခဲ့သည်။



ထိုအချိန်၌ မြစ်ချောင်း အင်းအိုင်နှင့်ပင်လယ်ပြင် အားလုံးသည် ရေခဲနေကြ၏။ ပင်လယ် မျက်နှာပြင်သည် နိမ့်ကျကာ သမုဒ္ဒရာကြမ်းပြင်မှ ကုန်းမြေများ ပေါ်ထွန်းခဲ့သည်။ ရာသီဥတု တဖန်ပူနွေးလာချိန်တွင် ရေခဲများ အရည်ပျော်၍ ပင်လယ်ပြင်သို့ စီးဆင်း၏။ ထိုအချိန်တွင် ပင်လယ်ရေမျက်နှာပြင် ပြန်လည်မြင့်တက်လာကာ ကမ်းခြေဒေသများမှာ သမုဒ္ဒရာကြမ်းပြင်များ အဖြစ်သို့ ရောက်ရှိသွားသည်။ ပူနွေးသည့် ရာသီတွင် ရေခဲများ အရည်ပျော်ခြင်းသည် ရေခဲခေတ်အတွင်း ကြီးမားသည့် ရေလွှမ်း မိုးမှုများကို ဖြစ်ပေါ်စေပြီး ထိုခေတ်သတ္တဝါများကို အနှောင့်အယှက် ကြီးစွာဖြစ်စေ၏။ အချို့သော သတ္တဝါများသည် ဆက်လက် ရှင်သန် နိုင် သော် လည်း သ တ္တ ဝါ အများအပြား အထူးသဖြင့် 'မမ်မတ်'ဆင်တို့မှာ ပျောက်ကွယ်ခဲ့၏။ အဘယ်ကြောင့် ရာသီဥတု ပြောင်းလဲဖြစ်ပေါ်ရခြင်းကိုမူ မသိနိုင်ကြသေးပေ။



ဆိုက်ဘေးရီးယားရေခဲပြင်တွင် ရေခဲခေတ်သတ္တဝါရုပ်ကြွင်းများကို တွေ့ရသည်။မမ်မတ်ဆင်တစ်ကောင်၏ ရုပ်ကြွင်းတွင် အမွေးနှင့်အသားတို့ကို မပုပ်မသိုး တွေ့ရ၏။



# ပရိုင်းမိတ်များ

'ပရိုင်းမိတ်'သည် နို့တိုက်သတ္တဝါအုပ်စုတွင် အဆင့်အမြင့်ဆုံး ဖြစ်သည်။ ‌ စွေ၊ 'လီမာ'၊ 'တာဆီယာ'၊ မျောက်ဝံနှင့် လူတို့ ပါဝင်သည်။ ၎င်းတို့တွင် ကြီးမား၍ ပိုအဆင့်မြင့်သော ဦးနှောက်ရှိပြီး မျက်လုံးများသည် မျက်နှာရှေ့တည့်တည့်တွင် ရှိ၏။ ရှည်လျား၍ အလွယ်တကူ လှုပ်ရှားနိုင်သော လက်ချောင်း(ဝါ)ခြေချောင်းငါးချောင်းစီရှိသည့် ခြေလက်များပါပြီး ပြားသော ခြေသည်းလက်သည်းများ ရှိ၏။ အပင်နေ မျောက်အချို့တွင် သစ်ကိုင်း၌ဆွဲ၍ ကိုယ်ကို လွဲနိုင်သော သန်မာသည့် အမြီး ရှိသည်။ လူနှင့် အချို့မျောက်ဝံများမှလွဲ၍ ပရိုင်းမိတ်တို့သည် သစ်ပင်တွင် မှီခိုနေထိုင်ကြသည်။






## အပင်နေစွေ

လူ၏မူလမျိုးနွယ်ကို အပင်နေစွေအထိ လိုက်ရန်မှာ ကွာလှမ်းလှသည်။ သို့သော် ၎င်းအပင်နေ နို့တိုက်သတ္တဝါငယ်သည် ပထမဦးဆုံး ပရိုင်းမိတ်ဖြစ်ရန်မှာ သေချာသလောက် ဖြစ်သည်။ ရှေး အပင်နေ စွေမျိုးသည် သေးငယ်ပြီး ရှည်လျား၍ ချွန်သော ဦးခေါင်းနှင့် အမြီးစုတ်ဖွား ပါရှိ၏။ ခြေလက်များတွင် အလွယ်တကူလှုပ်ရှားနိုင်သော ခြေချောင်း လက်ချောင်း ငါးခုစီရှိသည်။ ၎င်းတို့တွင် ချွန်ထက်သော ခြေသည်း လက်သည်းပါသည်။ အပင်နေ စွေမျိုးနွယ်များကို အရှေ့တောင်အာရှ မိုးများသစ်တောများတွင် ၎င်းတို့၏ ရှေးမျိုးနွယ်များမှ များစွာ ပြောင်းလဲခြင်းမရှိပဲ ယနေ့တိုင် တွေ့နိုင်သည်။

## လီမာ မျောက်

'လီမာ' မျောက်သည် 'အီအိုဆင်း' အဏုယုဂ်တွင် ကျက်စားခဲ့၏။ 'နော့သားတတ်' ခေါ် ရှေးဦးလီမာရုပ်ကြွင်းတစ်စုံကို မြောက်အမေရိကတွင် တွေ့ရသည်။ ဦးခေါင်းခွံနှိမ့်ပြီး ၇.၅ ဆင်တီမီတာရှိကာ ငေါနေသော မေးရိုးပါသည်။ မျက်လုံးများကြီး၍ မျက်နှာအလယ်တွင် ရှိသည်။ ရှည်၍ ပျော့ပျောင်းသော ခြေလက်များ၊ သန်မာသော လက်ချောင်းများနှင့် ရှည်သော အမြီးပါရှိသည်။ ယခုခေတ် လီမာသည် ရှေးဦး နော့သားတတ်နှင့် အလွန် ဆင်သည်။ အာရှ၊ အာဖရိက အပူပိုင်းဒေသများတွင် တွေ့ရသည်။ အထူးသဖြင့် မာဒဂါစကာကျွန်းတွင် ပေါများသည်။



အမြီးတွင်အရစ်ပါ လီမာမျောက်



### တာဆီယာ

'တာ ဆီ ယာ' တို့သည် လီမာမျောက် နှင့် တချိန်တည်း လိုလို ပေါ် ပေါက် ခဲ့ ၏။ ကြီး မား သော မျက်လုံး၊ တိုသောမေးရိုးနှင့် ရှည်သောစွယ်သွားတို့ ပါ ရှိ သည်။ ရှေး ကျ သော တာ ဆီ ယာ ၏ ဦးနှောက်သည် ကြီးမားသည်။ ယခုခေတ် တာဆီယာ မျိုးနွယ်ဝင်ဖြစ်သည့် 'တာဆီယတ်' ကောင်သည် အရှေ့အိန္ဒိယကျွန်းစု သစ်တောများတွင် နေကြ၏။ ၎င်းသည် သေးငယ်သော သတ္တဝါဖြစ်ပြီး သားမွေးဖုံးသော ခန္ဓာကိုယ်၊ ကြီးမားသော မျက်လုံးနှင့်နားရွက်၊ ရှည်လျားသောအမြီး ပါရှိသည်။ နောက်ခြေထောက် နှစ်ချောင်းကို အားပြု၍ ခုန်ကာ လှုပ်ရှားသွားလာတတ်သည်။ တာဆီယတ်သည် နေ့တွင်အိပ်၍ ညတွင် အစာရှာသော သတ္တဝါဖြစ်သည်။

# မျောက်များ

မျောက်ကို အဆင့်မြင့်'ပရိုင်းမိတ်'အဖြစ် မျောက်ဝံ၊ လူနှင့် အုပ်စုတစ်ခုတည်းအဖြစ် ခွဲထားသည်။ ၎င်းတို့တွင် ကောင်းစွာဖွံ့ဖြိုးသော ဦးနှောက် ပါရှိ၏။ မျက်နှာရှေ့ဘက်တွင် ကြီးမားသော မျက်လုံးများရှိပြီး နားရွက်သေးငယ်သည်။ အများအားဖြင့် သစ်ပင်များတွင် မှီခိုနေထိုင်ကြ၏။ အချို့မှာ မြေပြင်တွင် ကျက်စားကြသည်။ ခြေလေးချောင်းဖြင့် လှုပ်ရှားကြသော်လည်း မတ်မတ် ထိုင်နိုင်သည်။ ရှေ့လက်ချောင်းများဖြင့်လည်း ခိုင်မြဲစွာ ဆုပ်ကိုင်နိုင်၏။ မျောက်အုပ်စု နှစ်မျိုးရှိ၏။ ကမ္ဘာသစ် မျောက်နှင့် ကမ္ဘာဟောင်း မျောက်တို့ဖြစ်သည်။ ကမ္ဘာသစ်မျောက်တို့သည် တောင်အမေရိကတွင် စတင်ပေါ်ပေါက်ခဲ့ကြ၏။



အော်လီဂိုဆင်းအဏုယုဂ် ကမ္ဘာဟောင်းမျောက်ဖြစ်သော ပါရာပီသီးကတ်



သို့သော် ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အနည်းငယ်သာ တွေ့ရသဖြင့် ရှေးကျသော မျိုးနွယ်များအကြောင်းကို ကောင်းစွာ မသိရပေ။ တောင်အမေရိကအပူပိုင်းသစ်တောများတွင် ယခုခေတ် ကမ္ဘာ့သစ် မျောက်များကို တွေ့နိုင်သည်။ ၎င်းတို့တွင် 'မာမိုးဆက်' နှင့် မျောက်သူတော်တို့ ပါဝင်၏။ ၎င်းတို့နှစ်မျိုးစလုံးတွင် ပြား၍ ကျယ်ပြန့်သောနှာခေါင်းနှင့် ရှည်လျားသော အမြီး ရှိသည်။ ကမ္ဘာဟောင်း မျောက်သည် ကမ္ဘာသစ် မျောက်ထက် အရေအတွက်ပိုများ၏။ အစောဆုံး ပေါ် ပေါက် ခဲ့ သည့် ကမ္ဘာ ဟောင်း မျောက် ကျောက်ဖြစ်ရုပ်ကြွင်းများအနက် တစ်ခုမှာ 'ပါရာပီသီးကတ်'၏ ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်၏။ ၎င်းသည် သေးငယ်သောသတ္တဝါဖြစ်ပြီး 'အော်လီဂိုဆင်း ' သက် တမ်း ရှိ ၏။ နောက်ပိုင်း ကမ္ဘာဟောင်း မျောက်များမှာ အကောင်ပိုကြီးလာပြီး ဦးနှောက်လည်း ပို ဖွံ့ဖြိုးလာသည်။ ယခုခေတ် ကမ္ဘာ ဟောင်းမျောက် များ တွင် **'မကာ့က်'** မျောက်၊ 'မင်ဒရယ်' မျောက် နှင့် 'ဘာဘွန်း' မျောက်တို့ ပါဝင်ကြသည်။



ဦးခေါင်းမွေးဖြူ မာမိုးဆက်မျောက်များ

ဘာဘွန်းမျောက်များ



# မျောက်ဝံများ

မျောက်ဝံတို့သည် အမြီးမဲ့မျောက်များဖြစ်ပြီး လူနှင့် အလွန် ဆင်တူ၏။ ရှေးအကျဆုံး 'ပရိုပလီယိုပီသီးကတ်' မျောက်ဝံကို အီဂျစ်ပြည်'အော်လီဂိုဆင်း' ကျောက်လွှာများတွင် တွေ့ရသည်။ အကောင်သေးပြီး အောက်မေးရိုးသည် ၇ မှ ၈ ဆင်တီမီတာအထိ ရှည်သည်။'အေဂျီတိုပီသီးကတ်'သည် ပိုအဆင့်မြင့်သောမျောက်ဝံဖြစ်ပြီး ၎င်းရုပ်ကြွင်းကို ထိုနေရာ၌ပင် တွေ့ရသည်။ ပရိုပလီယိုပီသီးကတ်ထက် အကောင်ပိုကြီး၍ ဦးနှောက်အိမ်လည်း ပိုကြီးသည်။ မျောက်ဝံတို့သည် ဆင့်ကဲဖြစ်စဉ်တလျှောက် အကောင်အရွယ်နှင့် ဦးနှောက်အိမ် ပိုကြီးလာ၏။ယခုခေတ်မျောက်ဝံတို့တွင် သေးသောမျောက်လွဲကျော်မှ ကြီးသော'ဂေါ်ရီလာ'တို့အထိ ပါဝင်သည်။



ပရိုပလီယိုပီသီးကတ်



ပရိုပလီယိုပီသီးကတ်၏ ဦးခေါင်းခွံ

ယခုခေတ် အော်ရန်အူတန်လူဝံ



# အောဒ်ရီယို ပီသီးကတ်

‘အောဒ်ရီယိုပီသီးကတ်’သည် လူနှင့်မျောက်ဝံ အင်္ဂါရပ်နှစ်မျိုးစလုံးပါသော ‘ပရိုင်းမိတ်’တစ်မျိုးဖြစ်ပြီး ‘ပလိုင်အိုဆင်း’အဏုယုဂ်အတွင်း ကျက်စားခဲ့သည်။ ၎င်း၏အရိုးစုရုပ်ကြွင်းကို အီတလီပြည် ကျောက်မီးသွေးတွင်းတစ်ခုမှ ရခဲ့၏။ ‘ချင်ပန်ဇီ’မျောက်ဝံအရွယ်ရှိကာ ၁.၅ မီတာခန့် မြင့်သည်။ အရိုးစုကို စတွေ့ချိန်က မျောက်ဟူ၍ မှားယွင်းထင်မှတ်ခဲ့ကြရာ သေချာစွာ လေ့လာသောအခါ ၎င်းတွင် မျောက်ဝံနှင့် လူ၏အင်္ဂါရပ်များ ပါရှိကြောင်း သိရသည်။ မေးရိုးနှင့်သွားတည်ဆောက်ပုံသည် လူနှင့်ဆင်သော်လည်း လက်များမှာ အလွန်ရှည်လျားပြီး မျောက်ဝံနှင့်ဆင်တူသည်။ မျောက်ဝံနှင့်လူတို့၏ စပ်ကြားသတ္တဝါဖြစ်နိုင်သည်။






# အော်စထရာလို ပီသီးကတ်

'အော်စထရာလိုပီသီးကတ်' သည် 'ပလိုင်စတိုဆင်း' အဏုယုဂ်အတွင်း ကျက်စားခဲ့၏။ ၎င်း၏ အရိုးစု ကျောက်ဖြစ်ရုပ်ကြွင်းနှင့် ကျောက်လက်နက်များကို တောင်အာဖရိကရှိ ဂူများတွင် တွေ့ရသည်။ နိမ့်သောနဖူး၊ ပြား၍ပွသောနှာခေါင်းနှင့် ငေါထွက်နေသော မေးရိုးများပါရှိသဖြင့် မျောက်ဝံဟု ထင်မှတ်ခဲ့ကြသည်။ သို့သော် ခြေထောက်များသည် လူ၏ခြေထောက်နှင့်ဆင်ပြီး မတ်မတ်ရပ်နိုင်သည်ကို တွေ့ရ၏။ သွားများသည် လူ၏သွားနှင့် ဆင်၏။ မျောက်ဝံ၏ ဦးနှောက်ထက် အနည်းငယ်ပိုကြီးသော ဦးနှောက်လည်း ပါသည်။ ၎င်းတို့သည် လူ၏ မူလမျိုးနွယ်များ ဖြစ်နိုင်သည်။



ဂေါ်ရီလာမျောက်ဝံ၊ အော်စထရာလိုပီသီးကတ်နှင့် လူ၏ဦးခေါင်းခွံတို့ကို နှိုင်းယှဉ်ပြပုံ




ဦးခေါင်းခွံသုံးခုကိုနှိုင်းယှဉ်ကြည့်လျှင် လူ၏ဦးနှောက်သည် အကြီးဆုံးဖြစ်ပြီး ရှေ့ရောက်နေသည်ကိုတွေ့ရ၏။ ဂေါ်ရီလာမျောက်ဝံနှင့် အော်စထရာလိုပီသီးကတ်တို့၏ နဖူးတွင် မျက်လုံးအိမ်အထက်၌ ဖုထနေသော အရိုးတန်းရှိသည်။ လူ၏ နဖူးမှာ ပြန့်ပြူးချောမွတ်၍ မေးရိုးပြားသည်။ သွားများသည်လည်း တည့်မတ်စွာ ပေါက်ကြ၏။ ဂေါ်ရီလာမျောက်ဝံနှင့် အော်စထရာလိုပီသီးကတ်တို့တွင် မေးရိုးနှင့် သွားများသည် ရှေ့သို့ ငေါထွက်နေသည်။ လူ၏မေးစေ့မှာ အနည်းငယ် ရှေ့ထွက်နေသော်လည်း မျောက်ဝံနှင့် အော်စထရာလိုပီသီးကတ်တို့တွင်မူ နောက်ရောက်နေ၏။ ၎င်းသုံးမျိုးစလုံး၏ သွားများအရွယ်နှင့် အနေအထား ကွာခြားသည်။

# ဂျားဗားလူ နှင့် ပီကင်းလူ

လူသည် မတ်မတ်ရပ်နိုင်ပြီး လက်နက်ကိရိယာ ပြုလုပ်အသုံးချနိုင်သည်။ ဦးနှောက်သည် အကြီးဆုံးနှင့် အဖွံ့ဖြိုးဆုံးဖြစ်သည်။ လူတွင် လက်သည် ခြေထက်တို၍ မျောက်ဝံနှင့် ပြောင်းပြန်ဖြစ်သည်။ မတ်မတ်ရပ်နိုင်သောလူသည် 'ပလိုင်စတိုဆင်း'အဏုယုဂ်တွင် စ ပေါ်သည်။ ၎င်းတို့၏ကျောက်ဖြစ်ရုပ်ကြွင်းကို ဂျားဗားနှင့် ပီကင်းတွင်တွေ့ရ၍ 'ဂျားဗားလူ'နှင့် 'ပီကင်းလူ'ဟု ခေါ်သော်လည်း တစ်အုပ်စုတည်းဖြစ်သည်။ မီးကို နွေးစေရန်နှင့် အသားကင် ရန် အသုံးပြုခဲ့သည်။ အရိုးနှင့်ကျောက်များကို လက်နက်ပြုလုပ်ခဲ့ကြသည်။



ပီကင်းလူသည် ဆင်တီမီတာ ၁၆၀ ခန့် မြင့်ပြီး အနည်းငယ် ကုန်းကွကွရှိသည်။ ဦးခေါင်းကြီးမားပြီး ဦးနှောက်အရွယ်မှာ ဂေါ်ရီလာမျောက်ဝံနှင့် လူ၏ ဦးနှောက်အရွယ်ကြားတွင် ရှိသည်။ ၎င်းတို့၏ ကျောက်ဖြစ် ရုပ်ကြွင်းများကို ပီကင်းမြို့အနောက်တောင်ဘက်ရှိ လိုဏ်ဂူတစ်ခုမှ တူးဖော်တွေ့ရသည်။

## ပီကင်းလူ၏ ဦးခေါင်းခွံ



နဖူးနိမ့်ပြီး မျက်လုံးများပေါ် တွင် မို မောက်နေသော အရိုးဖုတန်း ပါရှိသည်။







ပါးရိုးများ ကျယ်ပြန့်ပြီး ဘေးသို့ ကားထွက်နေသည်။





မေးရိုးနှင့်သွားများကြီးမားသန်မာပြီး ရှေ့သို့ ငေါ်ထွက်နေကြသည်။

## ရှေးဦးလူသားတို့ ကျောက်လက်နက်များကို ပြုလုပ်ကြပုံ



ကျောက်တုံးတစ်ခုနှင့် တစ်ခု ကြိတ်၍ အလိုရှိသောပုံကို ဖော်ကြသည်။







အရိုးသို့မဟုတ်သစ်မာများကိုတူသဖွယ် အသုံးပြုကာ ပျော့သောကျောက်တုံးများကို ထုခွဲကြိတ်ခြေ၍ ပုံဖော်သည်။



ကျောက်တုံးများကိုချွန်ထက်သော အရိုးများဖြင့် ဆစ်၍ ပုံဖော်သည်။



ချွန်ထက်သောအရိုးများကို ဆောက်ကဲ့သို့အသုံးပြုနိုင်သည်။

# နီအန်ဒါသယ်လူ

'နီအန်ဒါသယ်' လူတို့သည် 'ပီကင်း' လူတို့ထက် ပိုအဆင့်မြင့်ပြီး ယခုခေတ်လူနှင့် ပိုတူသည်။ ၎င်းတို့သည် နောက်ဆုံးရေခဲခေတ်မတိုင်မီနေထိုင်ခဲ့ကြ၏။၎င်းတို့၏ကျောက်ဖြစ်ရုပ်ကြွင်းများကိုဂျာမနီပြည်၊အခြား ဥရောပနေရာများနှင့် အာရှတိုက်တို့တွင် တွေ့ရသည်။ ဦးနှောက်သည် ယခုခေတ်လူ၏ ဦးနှောက်နီးပါး ကြီးထွား၏။ အရပ်မှာ ဆင်တီမီတာ ၁၅၀ ခန့်မြင့်၍ တုတ်တိုသန်မာသောခြေထောက်များရှိသည်။ မီး ခတ်ကျောက်များဖြင့် လက်နက်များပြုလုပ်ပြီး အမဲလိုက်ခြင်း၊ ငါးများခြင်းဖြင့် အသက်မွေးခဲ့ကြသည်။



နီအန်ဒါသယ်လူ၏ ဦးခေါင်းခွံ



ဦးနှောက်အရွယ်ကို နှိုင်းယှဉ်ပြပုံ




နီအန်ဒါသယ်လူ၏ ဦးနှောက်အိမ်နှင့် နဖူးပြင်သည် ပီကင်းလူမှာထက် ကြီးမားပြီး မျက်လုံးအိမ်အထက်မှ ဖုထနေသော အရိုးလည်း သေးငယ်သည်။ နဖူးပြင်သည် ဆင်ခြေလျှောပုံရှိ၍ မေးရိုးများမှာ ရှေ့သို့ငေါ ထွက်နေပြီး လည်ပင်း အလွန်တုတ်ခိုင်သည်။

# ခရိုမက်ဂနွန် လူ

'ခရိုမက်ဂနွန်' လူတို့သည် ရေခဲခေတ်ကုန်ချိန်တွင် နေထိုင်ခဲ့ကြသည်။ ၎င်းတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုပြင်သစ်ပြည်နှင့် စပိန်ပြည်မှလိုဏ်ဂူများတွင် တွေ့ကြရ၏။ ၎င်းတို့သည် ယခုခေတ်လူနှင့် များစွာတူပြီး ဆင်တီမီတာ ၁၇၀ ခန့်မြင့်ကာ ယခုခေတ်လူနီးပါး ဦးနှောက်အိမ် ကြီးသည်။ ခရိုမက်ဂနွန်လူတို့သည် ၎င်းတို့နေထိုင်သော လိုဏ်ဂူများ၏နံရံတွင် လှပသောရုပ်ပုံများကို ရေးဆွဲခဲ့ကြ၏။ ရုပ်ပုံများမှာ 'မမ်မတ်'ဆင်၊ ပြောင်၊ ဒရယ်တို့၏ပုံများနှင့် ၎င်းတို့ကို လူသားများက လေးမြားတို့ဖြင့် ပစ်ခတ်ပုံများ ဖြစ်ကြသည်။



ခရိုမက်ဂနွန်လူရေးဆွဲခဲ့သော နွားရိုင်း၏ပုံ



ခရိုမက်ဂနွန်လူ၏ ဦးခေါင်းခွံ



ဦးခေါင်းသည် လုံးဝန်းပြီး မျက်လုံးအထက်ရှိ ဖုထနေသော အရိုးတန်းသေးလာသည်။ မေးရိုးသည် ရှေ့သို့ငေါထွက်မနေပဲ မေးစေ့လည်း ကောင်းစွာ ဖွံ့ဖြိုးသည်။



ဂူနံရံတွင် ရုပ်ပုံရေးဆွဲနေသည့် ခရိုမက်ဂနွန်လူ

# အပင်တို့၏ ဆင့်ကဲဖြစ်စဉ်

အပင်တို့သည် အစာမစားပဲ ကြီးထွားကြသည်။ ၎င်းတို့သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို ရေနှင့်ရော၍ နေရောင်ခြည်ဖြင့် အစာချက်လုပ်ကြ၏။ ကမ္ဘာဦးအပင်တို့သည် ရေထဲတွင် စတင်ဖြစ်ပေါ်ကြပြီး 'အော်ဒိုဗစ်စီယန်' ယုဂ်တွင် ကုန်းမြေ၌ ပေါက်ရောက်ကြ၏။ မာကျောသောပင်စည်နှင့် အမြစ်များလည်း ဖွံ့ဖြိုးလာကြသည်။ နေရောင်ခြည်ကိုရရန်အတွက် တစ်ပင်နှင့်တစ်ပင် ပြိုင်ဆိုင်ခြင်းဖြင့် ကြီးထွားမြင့်မားလာကြသည်။ ဤသို့ဖြင့် ကမ္ဘာမြေပေါ်တွင် ထူထပ်သောသစ်တောကြီးများ ဖုံးအုပ်လာကြ၏။ သက်နှောင်းကပ်အစပိုင်းလောက်တွင် အပွင့် ပွင့်ပြီး အသီး သီးသောအပင်များ စတင် ပေါ်ပေါက်ခဲ့ကြသည်။



# ကာဗွန်နီဖရတ်ယုဂ်အပင်များ

'ကာဗွန်နီဖရတ်' ယုဂ်တွင် ကုန်းမြေ၌ပေါက်သော အပင်အချို့သည် မီတာ ၂၀ မှ ၃၀ ခန့်အထိ မြင့်သည်။ ၎င်းတို့သည် အပွင့်မပွင့်ကြပေ။ ဝတ်မှုန်များကို ပျံ့နှံ့စေခြင်းဖြင့် မျိုးပွားကြသည်။ 'ဟော့စတေး' ပင်၏ ရိုးတံထိပ်ကို ချိုးလိုက်လျှင် စိမ်းဝါရောင် ဝတ်မှုန်များထွက်လာ၍ လွင့်ပါးပျံ့နှံ့သွားကြသကဲ့သို့ ကာဗွန်နီဖရတ်ယုဂ်မှ အပင်များသည်လည်း ဤနည်းဖြင့် မျိုးပွားကြ၏။ ဝတ်မှုန်များသည် လေဖြင့်ပျံ့နှံ့ကြပြီး နေရာသစ်တွင် အမြစ်တွယ်ကာ အပင်သစ်များကို ဖြစ်ပေါ်စေသည်။ ကာဗွန်နီဖရတ်ယုဂ်မှ 'ကော်ဒိုက်တီး'ကဲ့သို့သော အပင်မျိုးတို့သည် ယခုခေတ်ထင်းရှူးပင်မျိုး၏ မူလအဆက်အနွယ်များ ဖြစ်ကြသည်။



လီပီဒိုဒင်ဒရွန်

ဆီဂီလားရီးယား

ကော်ဒိုက်တီးပင်



ကယ်လမိုက်တီးပင်၏အမြစ်

ကယ်လမိုက်တီးပင်၏ပင်စည်



ကယ်လမိုက်တီးပင်

'လီပီဒိုဒင်ဒရွန်'နှင့်'ဆီဂီလားရီးယား'တို့သည် ပင်စည်တွင် အကြေးခွံများ ပါရှိကြသည်။ လီပီဒိုဒင်ဒရွန်အပင်သည် မီတာ ၃၀ ခန့်မြင့်ပြီး ပင်စည်တွင် ငါးအကြေးခွံကဲ့သို့ ပါရှိ၏။ အကြေးခွံနေရာများသည် တချိန်က အရွက်များ ပင်စည်ပေါ်တွင် ပေါက်သည့်နေရာကို ပြသည်။ ယခုခေတ်'ကလပ်မော့' ပင်သည် လီပီဒိုဒင်ဒရွန်နှင့် နီးစပ်သည်။ ဆီဂီလားရီးယားအပင်တွင် အကြေးခွံသည် ဒေါင်လိုက်တန်း၍ ရှိ၏။ 'ကယ်လမိုက်တီး' အပင်တို့သည် အပင်ကြီးမျိုးဖြစ်၍ ဟော့စတေးပင်နှင့် သဏ္ဍာန်တူသည်။ ပင်စည်တွင်ဒေါင်လိုက်ဖုတန်းများနှင့် အဆစ်များပါရှိပြီး အဆစ်နေရာမှ အရွက်များပေါက်သည်။ ကော်ဒိုက်တီးတွင် ကျစ်လျစ်သောပင်စည်နှင့် သေးငယ်ချွန်ထက်သော အရွက်များပါရှိပြီး ယခုခေတ် ထင်းရှူးမျိုးနွယ်တို့၏ မူလအဆက်အနွယ်များ ဖြစ်ကြသည်။

# သက်လယ်ကပ် အပင်များ

သက်လယ်ကပ်သည် ကုန်းမြေပေါ်တွင် တွားသွားသတ္တဝါများ ကြီးစိုးသည့်ကာလ ဖြစ်သည်။ ထိုအချိန်က ပေါက်ရောက်ခဲ့သော အပင်တို့သည် ယခုခေတ်အပင်များနှင့် အလွန် ကွာခြား၏။ ကုန်းမြေပေါ်တွင် အပွင့်ပွင့်သော အပင်များ မပေါ် ပေါက်သေးပေ။ သို့သော် 'ဂျင်မနိုစပမ်း' (မျိုးစေ့ဖော်ပင်) များ ကျယ်ပြန့်စွာ ပေါက်ခဲ့ကြ၏။ မုန်တိုင်ပင်၊ 'ဖန်း'ပင်၊ 'ဂင်ကို'ပင်၊ ထင်းရှူးပင်နှင့် 'ဆီဒါ'ပင်ကဲ့သို့သော မျိုးစေ့ဖော်ပင်များ အများအပြား ပေါက်ရောက်ခဲ့ကြ၏။ အောက်ပါပုံတွင် သက်လယ်ကပ်၏ ပီပြင်သော တောတောင်သဘာဝကို တွေ့ရ၏။



# မုန့်တိုင်ပင်

မုန့်တိုင်ပင်တို့သည် 'ထရိုင်ယဆစ်'ယုဂ် အတွင်း စတင် ပေါ်ပေါက်ခဲ့ကြပြီး သက်လယ်ကပ်အတွင်း များပြားစွာ ပေါက်ရောက်ခဲ့ကြသည်။ ယခုခေတ်တွင် ရှားပါးသွားပြီး ပူနွေးသောဒေသများ၌သာ တွေ့နိုင်သည်။ မုန့်တိုင်ပင်သည်မျိုးစေ့ဖော်ပင်မျိုးဖြစ်၍ မျိုးစေ့များကို 'ကုန်း'များမှတဆင့် ထုတ်လုပ်ကြသည်။ အဖို ကုန်း တွင် ဝတ်မှုန်များရှိပြီး အမ ကုန်း တွင် မျိုးစေ့များရှိသည်။ ရှေးမုန့်တိုင်ပင်တို့တွင် ကုန်း များသည် ပင်စည်ပေါ်၌ ဖြစ်ပေါ်ကြသော်လည်း ယခုခေတ် မုန့်တိုင်ပင်များတွင် ပင်စည်ထိပ်၌ ဖြစ်ပေါ်ကြသည်။



သက်လယ်ကပ်မှ မုန့်တိုင်ပင်



မုန့်တိုင်ပင်
ကျောက်ဖြစ်ရုပ်ကြွင်း

မုန့်တိုင်ပင်တွင် ထူထဲဖြောင့်တန်းသော ပင်စည်နှင့် ၎င်း၏ထိပ်တွင် 'ဖန်း' ရွက်ကဲ့သို့သော အရွက်များ ပတ်ဝိုင်းလျက်ရှိပြီး အရွက်များ၏အလယ်တွင် ကုန်း ပါရှိ၏။ ၎င်းတို့သည် တစ်ပင်တည်းတွင် အဖို ကုန်း နှင့် အမ ကုန်း အတူတွဲ၍ မရှိပေ။ အဖို ကုန်း သို့မဟုတ် အမ ကုန်း သာပါ၏။ အဖို ကုန်း သည် အဝါရောင်ရှိ၍ ရှည်လျားပြီး ပြောင်းဖူးအူတိုင်ပုံ ရှိသည်။ အမ ကုန်း မှာ ဝိုင်း၍ ဖောင်းကြွပြီး ဂေါ်ဖီထုပ်ပုံရှိသည်။

ယခုခေတ်မုန့်တိုင်ပင်၏ အဖို ကုန်း



ယခုခေတ်မုန့်တိုင်ပင်၏ အမ ကုန်း



# ဂင်ကိုပင်

'ဂင်ကို'ပင်သည် လှပပြီး သက်လယ်ကပ်နှောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့ကာ ပြောင်းလဲခြင်းမရှိပဲ ယခုတိုင် ပေါက်ပွားလျက်ရှိ၏။ ၎င်း၏အမည်သည် တရုတ်စကားမှ ဆင်းသက်လာပြီး "ငွေရောင်သစ်သီး" ဟု အဓိပ္ပာယ်ရသည်။ ရွက်ကြွေပင်ဖြစ်၍ ဆောင်းရာသီ၌ အရွက်များဝါပြီး ကြွေသည်။ အရွက် ပုံစံ အမျိုးမျိုး ရှိ၏။ အချို့သည် ယပ်တောင်ပုံရှိပြီး အချို့မှာ လှိုင်းတွန့်ပုံ အနားသတ်လျက်ရှိ၏။ ကမ္ဘာဦးက နေရာအနှံ့ ပေါက်ရောက်ခဲ့ပြီး ယခုခေတ်တွင် တရုတ်နှင့် ဂျပန်တို့၌ ပေါက်သည်။ မကြာမီက မြောက်အမေရိကသို့ ရောက်ရှိခဲ့သည်။



ဂင်ကိုပင်တို့သည်ဆောင်းဦးရာသီတွင်အရွက်ကြွေကြသည်။



## သက်နှောင်းကပ် အပင်များ

ယခုခေတ်တွေ့ရသော သတ္တဝါများ၊ အပင်များနှင့်တူသည့် သတ္တဝါများ၊ အပင်များသည် သက်နှောင်းကပ် စောစောပိုင်းမှစ၍ ပေါ်ပေါက်ခဲ့သည်။ ၎င်းတို့ကို အောက်ပါပုံတွင် တွေ့နိုင်သည်။ မျိုးစေ့ဝှက်ပင်မျိုးသည် မျိုးစေ့ဖော်ပင်မျိုးထက် ပိုထင်ရှားလာ၏။ သက်လယ်ကပ်အတွင်းပေါက်ခဲ့သော 'ဖန်း'ပင်၊ 'ဟော့စတေး'ပင်၊ မုန်တိုင်ပင်နှင့် ထင်းရှူးမျိုးနွယ်ပင်တို့၏နေရာတွင် ယခုခေတ် အပွင့်ပွင့်သော အပင်များက နေရာယူကြသည်။ သက်နှောင်းကပ်လယ်လောက်တွင် အပင်ကြီးမျိုးများဖြစ်သော ဝက်သစ်ချပင်၊ 'မေပယ်'ပင်၊ 'ဗတ်'ဖြူပင်၊ 'ဆီကွိုင်းယား'ပင်တို့ ပွားများလာသည်။



## အပွင့်ပွင့်သော အပင်များ

အပွင့်ပွင့်သော အပင်များသည် 'ခရီတေးရှတ်' ယုဂ်တွင် စတင်ပေါ်ပေါက်ကြကာ ဝတ်ဆံဖို ဝတ်ဆံမ ပါသည့် လှပသောအပွင့်များကို ပွင့်စေ၏။ မျိုးစေ့အိမ်ဖြင့် ဖုံးအုပ်ထားသော မျိုးစေ့များလည်း ပါသည်။ ၎င်းတို့သည် တမုဟုတ်ချင်း ပွားများကြီးစိုးလာကြ၍ ရှေးကျသော အချို့အပင်များ တိမ်မြုပ်သွားသည်။ ခရီတေးရှတ်ယုဂ်အတွင်းက ပေါ်ပေါက်ခဲ့သည့် အပွင့်ပွင့်သော အပင်များစွာတို့သည် ယခုတိုင် ရှင်သန်ပေါက်ပွားကြဆဲ ဖြစ်သည်။ နို့တိုက်သတ္တဝါတို့သည် အပွင့်ပွင့်သောအပင်များ ပေါ်ပေါက်ပြီး မကြာမီ ပေါ်ပေါက်လာကြသည်။


မက်တာဆီကွိုင်းယားရုပ်ကြွင်း (နှစ် ၁၅ သန်းခန့်က)


သစ်ချသီးရုပ်ကြွင်း (နှစ် ၂ သန်းခန့်က)


ဝက်သစ်ချရွက်ရုပ်ကြွင်း (နှစ် ၅ သိန်းခန့်က)


မိုင်ရီယိုဖိုင်လမ်ရုပ်ကြွင်း (နှစ် ၅ သိန်းခန့်က)


မိုက်ခရိုစကုပ်အောက်တွင်တွေ့ရသော ကျောက်ဖြစ်နေသည့် ပင်စည်

အသက်ရှင်စဉ်ကပုံစံအတိုင်းတွေ့ရသော ကျောက်ဖြစ်နေသည့်သစ်ပင်၏ ပင်စည်



ကျောက်ဖြစ်နေသော သစ်ပင်၏ပင်စည်ကို မိုက်ခရိုစကုပ်အောက်တွင် လေ့လာသောအခါ အသားမျှင်များကို ထင်ရှားစွာ တွေ့မြင် နိုင်သည်။ ညာဘက်ပုံတွင် မီးတောင်ပေါက်ကွဲရာမှ ပြာများ ဖုံးလွှမ်းသဖြင့် အသက်ရှင်နေစဉ် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သွားသော သစ်ပင်ကို တွေ့ရ၏။ အမြစ်များသည် မြေကြီးထဲတွင် စိုက်ဝင်လျက်ပင် ရှိနေသေးသည်။

# မြောက်အမေရိကတိုက်ရှိ ကတ္တရာအိုင်များ

မြောက်အမေရိကတိုက် အနောက်ဘက် ကမ်းရိုးတန်းတလျှောက်တွင် မြေလွှာအောက်မှ ရေနံများ၊ မြေမျက်နှာပြင်သို့တိုင် စိမ့်ထွက်နေသောနေရာ များစွာရှိသည်။ ၎င်းတို့သည် အနက်ရောင်ရှိပြီး ပျစ်ခဲသော ကတ္တရာအိုင်များအဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။ ထိုကတ္တရာအိုင်တို့၏မျက်နှာပြင်သည် တခါတရံ သဲများ သို့မဟုတ် ရေလွှာပါး ဖုံးအုပ်နေရာ ကမ္ဘာဦးသတ္တဝါများအတွက် ထောင်ချောက်များသဖွယ် ဖြစ်၏။ ရေသောက်ရန် ဖြတ်လျှောက်လာမိသော သတ္တဝါတကောင်ကောင်သည် ကတ္တရာအိုင်တွင်းသို့ ကျွံကျပြီး သေဆုံးရသည်။



ကမ္ဘာဦးသတ္တဝါများသည် ကတ္တရာအိုင်များတွင် မကြာခဏ ကျရောက်နစ်မြု
တတ်ကြသည်။ ကတ္တရာ မာလာသောအခါ အသားသည် ဆွေးသွားပြီး မာသေ
အရိုးစုများ တဖြည်းဖြည်း ကျောက်ဖြစ်သွားကြသည်။ လော့စအိန်ဂျလိမြို့အနီး
လာဗရီးယားကတ္တရာအိုင်သည် အထင်ရှားဆုံး ဖြစ်သည်။ ၎င်းကတ္တရာအိုင်တွ
သန်းပေါင်းများစွာသော သတ္တဝါကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရသည်။

ဤစာအုပ်တွင် သက်ရှိတို့၏သမိုင်းကို ကျွန်ုပ်တို့ ပြောပြခဲ့ကြသည်။ သက်ရှိများ မည်သို့ စတင် ခဲ့ကြသည်၊ မည်သို့ အမျိုးအစား ကွဲပြားခဲ့ကြသည် စသော အချက်များ ပါဝင်၏။ သို့သော် ၎င်းတို့တွင် ထူးခြား ဆန်းကြယ်၍ မတွေ့မြင်ရသေးသောအရာများ ကျန်ရှိသေးရာ ရှေးဟောင်းသုတေသန ပညာရှင်များနှင့် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ထပ်မံတွေ့ရှိ ဖော်ထုတ်ပေးနိုင်ကြ ပေလိမ့်မည်။ ကမ္ဘာပေါ် တွင် သက်ရှိတို့သည် လွန်ခဲ့သော နှစ် သန်း ၂၀၀၀ ကျော်မှစ၍ 'မိုက်ခရိုစကုပ်'ဖြင့်သာ မြင်နိုင်သည့် သက်ရှိများမှ စတင်ခဲ့၏။ ယခုခေတ်တွင်မူ သက်ရှိအမျိုးအစားပေါင်း နှစ်သန်းထက်မနည်းရှိပြီး အရွယ်သေးသောသက်ရှိများမှ အလွန်ကြီးမားသော သက်ရှိများအထိ ရှင်သန်ပေါက်ပွားလျက်ရှိသည်။

ဒက်ထရွိုက်မြို့ရှိ ဤမော်တော်ကားစက်ရုံသည် စက်မှုလက်မှု ထွန်းကားခြင်းကြောင့် လေထုညစ်ညမ်းစေခြင်းကို ပြသည့် ဥပမာ တစ်ခုပင် ဖြစ်သည်။

လေ၊ ရေနှင့် နေရောင်ရှိမှသာ သက်ရှိများ ရှင်သန်နိုင်ကြ၏။ အပူချိန် မျှတရန်လည်း လိုသည်။ အပူအအေးလွန်ကဲလျှင် သက်ရှိများ သေကြေသွားနိုင်သည်။ ကမ္ဘာ့နေရာများစွာသည် သက်ရှိများနေထိုင်ရန် သင့်တော်သော ရာသီဥတုရှိကြသည်။ ဤသို့ဖြင့် ကမ္ဘာကြီးသည် နေထိုင်ရန် သင့်တော်ကောင်းမွန်သည့် နေရာတစ်နေရာ ဖြစ်လာပြီး သက်ရှိတို့ စတင် ပေါ် ပေါက်သည်မှစ၍ အမျိုးအစားမြောက်မြားစွာ ကွဲပြားကာ ရှင်သန်ပေါက်ပွားခဲ့ကြသည်။



သို့သော် မကြာသေးမီအချိန်မှစ၍ လူတို့သည် အသက်ရှင်ရေးအတွက် အလွန်အရေးကြီးသည့် လေထုနှင့် ရေထုကို ညစ်ညမ်းအောင် ဖန်တီးနေကြ၏။ အကယ်၍သာ ကျွန်ုပ်တို့သည် ဤဖြစ်ရပ်ကို မကာကွယ်နိုင်ပါလျှင် မကြာတော့သော အနာဂတ်အချိန်တွင် ကျွန်ုပ်တို့၏ သာယာလှပသော ကမ္ဘာမြေပြင်တွင် မည်သည့် အပင်နှင့် မည်သည့်သတ္တဝါကိုမျှ မြင်တွေ့ကြရတော့မည် မဟုတ်ပေ။

# ဝေါဟာရစာရင်း

| | |
|---|---|
| ကမယ်လီယာ | *Camellia* |
| ကလပ်မော့ ပင် | Club-moss |
| ကာဗွန်နီဖရတ်ယုဂ် | Carboniferous period |
| ကူဗီရွန်နီးယတ် | *Cuvieronius* |
| ကော့ကိုစတီးယ | *Coccosteus* |
| ကော်တီလိုဆောရတ် | *Cotylosaurus* |
| ကော်ဒိုက်တီး | *Cordaites* |
| ကော်ရီဖိုဒွန် | *Coryphodon* |
| ကော်ရီသိုဆောရတ် | *Corythosaurus* |
| ကင်ဂရူး | Kangaroo |
| ကင့်ပတိုဆောရတ် | *Camptosaurus* |
| ကန်နီမေယီရီးယား | *Kannemeyeria* |
| ကုန်း | Cone |
| ကုန်းနေရေနေသတ္တဝါ | Amphibian |
| ကပ် | Era |
| ကမ်ဗရီယန်ယုဂ် | Cambrian period |
| ကမ်မရိုဆောရတ် | *Camarosaurus* |
| ကယ်လမိုက်တီးပင် | *Calamites* |
| ကျောရိုးမဲ့သတ္တဝါ | Invertebrate |
| ကျောရိုးရှိသတ္တဝါ | Vertebrate |

| | |
|---|---|
| ခရီတေးရှတ်ယုဂ် | Cretaceous period |
| ခရိုနွိုက် | Crinoid |
| ခရော့ဆိုတယ်ရီဂျီး | Crossopterygii |
| ခရိုမက်ဂနွန်လူ | Cro-Magnon Man |
| ခေတ် | Age |
| ချာစမိုဆောရတ် | *Chasmosaurus* |
| ခြင်စားငါး | Minnow |
| ခွန်ဒရစ်သိုင်း | Chondrichthyes |

| | |
|---|---|
| ဂရောင်းစလော့ဝက်ဝံ | Ground sloth |
| ဂလိုင်ပတိုဒွန် | Glyptodon |
| ဂလိုင်ပတိုဒွန့် | Glyptodont |
| ဂါဗီယယ်မိကျောင်း | Gavial |
| ဂက်စထရိုပိုဒါ | Gasteropoda |
| ဂင်ကိုပင် | *Gingko* |
| ဂျားဗားလူ | Java Man |
| ဂျူရာဆစ်ယုဂ် | Jurassic period |
| ဂျင်မနိုစပမ်း | Gymnosperm |
| ဂွန်ဖိုသီရီယမ် | *Gonphotherium* |

| | |
|---|---|
| ငါးမန်းစွယ်သည် | Sawfish |
| ငှက်ကုလားအုတ် | Ostrich |

| | |
|---|---|
| စတက်ဂိုဆော | Stegosaur |
| စတက်ဂိုဆောရတ် | *Stegosaurus* |
| စတက်ဂိုဒွန် | *Stegodon* |
| စတက်ဂိုမာစတိုဒွန် | *Stegomastodon* |
| စတက်ဂိုလိုဖိုဒွန် | *Stegolophodon* |
| စတိုင်ရာကိုဆောရတ် | *Styracosaurus* |
| စထရတ်သိုင်အိုမိုးမတ် | *Struthiomimus* |
| စပမ်းဝေလငါး | Sperm-Whale |
| စီလာကန့် ငါး | Coelacanth |
| စုံဂဏန်းအရေအတွက်ခွာရှိသတ္တဝါ | Artiodactyl |

| | |
|---|---|
| ဆာဒင်း ငါး | Sardine |
| ဆာဗီလိုဒွန် | *Serbelodon* |
| ဆာရီတိုဆောရတ် | Cerritosaurus |
| ဆီကွိုင်းယားပင် | Sequoia |
| ဆီဂျီလားရီးယား | *Sigillaria* |
| ဆီတီယိုဆောရတ် | *Cetiosaurus* |
| ဆီဒါပင် | Cedar |
| ဆီမောရီးယား | *Seymouria* |
| ဆီရာတော့စီယန် | Ceratopsian |
| ဆီလာဖိုင်တွန် | *Psilaphyton* |
| ဆီးကောင်း (ရေဝက်မျိုး) | Sea cow |
| ဆီးလိုင်းယန်း (ဖျံမျိုး) | Sea lion |
| ဆူဒိုဆူချီယား | Pseudosuchia |
| ဆော်ရိုပေါ့ | Sauropod |
| ဆော်ရစ်ချီယန်ဒိုင်နိုဆော | Saurischian dinosaur |
| ဆော်လတိုပိုဆူးချတ် | *Saltoposuchus* |
| ဆက်ဖလာစပစ် | *Cephalaspis* |
| ဆင်ကိုဆောရတ် | *Sincosaurus* |
| ဆင်ကိုနိုလိုဖတ် | *Synconolophus* |
| ဆိုင် နိုနသတ် | *Cynognathus* |
| ဆိုင်လူရီယန်ယုဂ် | Silurian period |
| ဆိုင်သိုဆီးရတ် | *Cythoceras* |
| ဆယ်လာမင်ဒါ | Salamander |

| | |
|---|---|
| ဇူဂလိုဒွန် | *Zeuglodon* |
| ဇိုစတီရိုဖိုင်လမ် | *Zosterophyllum* |
| ဇိုင်ဂလိုဖိုဒွန် | *Zygalophodon* |

| | |
|---|---|
| တာဆီယာ | Tarsier |
| တာဆီယတ် | *Tarsius* |
| တာရစပစ် | *Pteraspis* |
| တာရီဆီးယတ် | *Turicius* |
| တေနီယိုခရေဒါ | *Taeniocrada* |
| တိုရီနိုဗီလိုဒွန် | *Torynobelodon* |
| တက်ထရာလိုဖိုဒွန် | *Tetralophodon* |
| တောက်ဆိုဒွန် | *Toxodon* |
| တိုင်တာနိုသီရီယမ် | *Titanotherium* |
| တိုင်တာနိုသီရီး | Titanothere |
| တိုင်ရန်နိုဆောရတ် | *Tyrannosaurus* |
| တိုင်လိုဆောရတ် | *Tylosaurus* |
| တိုင်အိုနီးယတ် | *Ptyonius* |
| တယ်ရိုဆော | Pterosaur |
| တယ်ရိုဆောရတ် | *Pterosaurus* |
| တယ်ရာနိုဒွန် | *Pteranodon* |
| တယ်လီယိုစတေး | *Teleostei* |

| | |
|---|---|
| ထရာခိုဒွန် | *Trachodon* |

| | |
|---|---|
| ထရိုဗယ်လဒွန် | *Trobeldon* |
| ထရိုင်ဆီရာတော့ | *Triceratop* |
| ထရိုင်ယဆစ်ယုဂ် | Triassic period |
| ထရိုင်လိုဖိုဒွန် | *Trilophodon* |
| ထရိုင်လိုဗိုက် | Trilobite |
| | |
| ဒရီပင်နာစပစ် | *Drepanaspis* |
| ဒရေကို | *Draco* |
| ဒီဗိုနီယန်ယုဂ် | Devonian period |
| ဒက်စမိုစတိုင်လတ် | *Desmostylus* |
| ဒိုင်နော်နစ် | *Dinornis* |
| ဒိုင်နိုဆော | Dinosaur |
| ဒိုင်နိုသီရီယမ် | *Dinotherium* |
| ဒိုင်နစ်သိုင်း | *Dinichthys* |
| ဒိုင်မော်ဖိုဒွန် | *Dimorphodon* |
| ဒိုင်မက်ထရိုဒွန် | *Dimetrodon* |
| ဒိုင်ယာထရိုင်မာ | *Diatryma* |
| ဒိုင်အာသရိုနသတ် | *Diathrognathus* |
| ဒစ်ပန္နိုင်း | *Dipnoi* |
| ဒစ်ပလိုကောလတ် | *Diplocaulus* |
| ဒစ်ပလိုဒိုကတ် | *Diplodocus* |
| ဒစ်ပလိုဗာတီဗရွန် | *Diplovertebron* |
| | |
| ဓားကောက်ပုံစွယ်သွားပါကြောင် | Sabre-toothed cat |
| | |
| နာသာဗီလိုဒွန် | *Gnathabelodon* |
| နီအန်ဒါသယ်လူ | Neanderthal Man |
| နော်တီးလွိုက် | Nautiloid |
| နော့သားတတ် | *Notharctus* |
| နိုသိုဆောရတ် | *Nothosaurus* |
| နို့တိုက်သတ္တဝါ | Mammal |
| | |
| ပရိုဂန်နိုချလီ | *Proganochelys* |
| ပရိုတိုဆီရာတော့ | *Protoceratops* |
| ပရိုပလီယိုပီသီးကတ် | *Propliopithecus* |
| ပရိုဗိုစီဒီယန် | *Proboscidean* |
| ပရိုင်းမိတ် | Primate |
| ပလေကိုဒတ် | *Placodus* |
| ပလေကိုဒမ် | Placoderm |
| ပလက်တီယိုဆောရတ် | *Plateosaurus* |
| ပလက်တီဟယ်လမင့် | *Platyhelminth* |
| ပလိုင်စတိုဆင်းအဏုယုဂ် | Pleistocene epoch |
| ပလိုင်အိုဆင်းအဏုယုဂ် | Pliocene epoch |
| ပလိုင်အိုမာစတိုဒွန် | Pliomastodon |
| ပလိုင်အိုဟစ်ပတ် | *Pliohippus* |
| ပလယ်စီယိုဆော | Plesiosaur |
| ပလယ်စီယိုဆောရတ် | *Plesiosaurus* |
| ပါမီယန်ယုဂ် | Permian period |
| ပါရာပီသီးကတ် | *Parapithecus* |
| ပါအယ်လီဖ | *Parelephas* |
| ပီကင်းလူ | Peking Man |
| ပီလားကောင် | King crab |
| ပုရွက်စားကောင် | Anteater |
| ပေရေယာဆောရတ် | *Pareiasaurus* |

| | |
|---|---|
| ပေလီယိုဆောရတ် | *Paleosaurus* |
| ပေလီယိုတောက်ဆိုဒွန် | *Paleotoxodon* |
| ပေလီယိုမာစတိုဒွန် | *Palaeomastodon* |
| ပေါ်ရီဖရာ | Porifera |
| ပင်ဆယ်ဗေနီယန်ယုဂ် | Pennsylvanian period |
| ပင်တာလိုဖိုဒွန် | *Pentalophodon* |
| ပင်တိုဒွန့် | Pantodont |
| ပင်လယ်ခူ | Jellyfish |
| ပိုင်ရိုသီရီယမ် | *Pyrotherium* |
| ပယ်ရီဆိုဒက်တိုင်း | Perissodactyl |
| ပယ်လီကိုဆောရတ် | *Pelycosaurus* |
| | |
| ဖလက်ဂျယ်လေတာမျိုး | Flagellatre |
| ဖီနာကိုဒတ် | *Phenacodus* |
| ဖီလီစီနေး | Filicinae |
| ဖီအိုမာ | *Phioma* |
| ဖိုတိုဆင်းသဆစ်နည်း | Photosynthesis |
| ဖိုင်တိုဆော | Phytosaur |
| ဖိုင်တိုဆောရီးယား | Phytosauria |
| ဖန်းပင် | Fern |
| | |
| ဗရာခီယိုပိုဒါ | *Brachiopoda* |
| ဗရာခီအိုဆောရတ် | *Brachiosaurus* |
| ဗရာခိုချိနီးယတ် | *Brachouchenius* |
| ဗရွန်တိုဆောရတ် | *Brontosaurus* |
| ဗရွန်တိုသီရီယမ် | *Brontotherium* |
| ဗလာဗာ | Blubber |
| ဗာကီးနီးယား | *Birkenia* |
| ဗော့သရီယိုလက်ပစ် | *Bothriolepis* |
| ဗိုလဗောက် | *Volvox* |
| ဗက်ထရီယန်ကုလားအုတ် | Bactrian camel |
| ဗိုင်အီရာ | *Beira* |
| ဗတ်ဖြူပင် | White birch |
| | |
| ဘာဘွန်းမျောက် | Baboon |
| ဘဲတူဖျံတူ | Duckbill |
| | |
| 'မကာ့က်'မျောက် | Macaque |
| မဂဏန်း အရေအတွက်<br>ခွာရှိသတ္တဝါ | Perissodactyl |
| မာကိုငါးမန်း | Mako shark |
| မာစတိုဒွန်ဆောရဘ် | *Mastodonsaurus* |
| မာစတိုဒွန် ဆင် | Mastodon |
| မာမိုးဆက်မျောက် | Marmoset |
| မီဂါလိုဆီရော့ | Megaloceros |
| မေပယ်ပင် | Maple |
| မော်ရီလီယာ | *Morrillia* |
| မိုဆာဆောရဘ် | *Mosasaurus* |
| မိုနိုကလိုနီယဘ် | *Monoclonius* |
| မိုရီသီရီယမ် | *Moeritherium* |
| မိုလဘ် | Mollusc |
| မိုအာငှက် | Moa |
| မက်ခရော့ချီးနီးယား | *Macrauchenia* |
| မက်တာဆီကွိုင်းယား | *Metasequoia* |

| | |
|---|---|
| မိုက်ခရိုစကုပ် | Microscope |
| မင်ဒရယ်မျောက် | Mandrill |
| မင်နာတီး | Manatee |
| မိုင်ရီယိုဖိုင်လမ် | Myriophylum |
| မိုင်အိုဆင်းအကာလယုဂ် | Miocene epoch |
| မိုင်အိုမာစတိုဒွန် | *Miomastodon* |
| မမ်မတ် ဆင် | Mammoth |
| မယ်ရီချစ်ပတ် | *Merychippus* |
| မျိုးစေ့ဖော်ပင် | Gymnosperm |
| မျိုးစေ့ဝှက်ပင် | Angiosperm |
| မျက်ကန်းဝမ်းကောင် | Blindworm |
| မျောက်ဝံ | Ape |
| | |
| ယူဗလီဒွန် | *Eubledon* |
| ယူသီနော့တရွန် | *Euthenopteron* |
| ယူအင်တာသီရီယမ် | *Uintatherium* |
| ယုဂ် | Period |
| | |
| ရေခဲခေတ် | Ice Age |
| ရေဒီယိုလာရီယန် | *Radiolarian* |
| ရေမြင်း | Hippopotamus |
| ရေမြှုပ် | Sponge |
| ရေဝက် | Dugong |
| ရက်ဒဝုပင် | Redwood |
| ရိုင်ကိုကက်ဖာလီယာ | *Rhychocephalia* |
| ရိုင်နီးယား | *Rhynia* |
| ရမ်ဖိုရင်းခတ် | *Rhamphorhynchus* |
| ရှေးနီယာရီး | Primitive Nereid |
| | |
| လီပီဒိုဒင်ဒရွန် | *Lepidodendron* |
| လီဗာဝပ်ပင် | Liverwort |
| လီမာမျောက် | Lemur |
| လီမျူလတ် | Limulus |
| လက်ပတာပီတွန် | *Lepterpeton* |
| လတ်ချပင် | Larch |
| လမ်ပရီငါး | Lamprey |
| လယ်ဗရင်သိုဒွန့် | Labryrinthodont |
| | |
| ဝုဖန်းပင် | Wood-fern |
| ဝေလငါးပြာ | Blue whale |
| | |
| သားစားသတ္တဝါ | Carnivore |
| သီကိုဒွန့် | Thecodont |
| သီရိုဆီဒါ | *Theropsida* |
| သီရိုပေါ့ | Theropod |
| သက်နှောင်းကပ် | Cenozoic era |
| သက်လယ်ကပ် | Mesozoic era |
| သက်ဦးကပ် | Palaeozoic era |
| သစ်ဆယ် | Thistle |
| သန္တာ | Coral |
| | |
| ဟော့စတေးပင် | Horsetail |
| ဟက်စပါရွန်နစ် | *Hesperonis* |
| ဟိုင်ရာကိုသီရီယမ် | *Hyracotherium* |
| ဟိုင်ရာကွိုက် | *Hyracoid* |
| | |
| အဆုတ်ပါငါး | Lungfish |
| အကာလယုဂ် | Epoch |
| အနန်းကဘ် | *Anancus* |
| အပေါ့ဆမ် | Apossum |
| အမာဒီလို | Amerdillo |
| အမီးဗား | Amoeba |
| အဝိုက်ပုံဆူးတောင်ပါငါး | Lobe-finned fish |
| အာခီဒစ်စကိုဒွန် | *Archidiskodon* |
| အာခီယော်နစ် | *Archeornis* |
| အာခီယိုတာရစ် | *Archaeopteryx* |
| အာခီလွန်လိပ် | *Archelon* |
| အာဆိနွိုင်သီရီယမ် | *Arsinoitherium* |
| အာတီယိုဒက်တိုင်း | Artiodactyl |
| အီဂွာနာ (ဖွတ်) | Iguana |
| အီဂွာနိုဒွန် | *Iguanodon* |
| အီဒါဖိုဆောရတ် | *Edaphosaurus* |
| အီဒင်တိတ် | Edentate |
| အီရီယော့ | *Eryops* |
| အီလဘ်စမိုဆောရတ် | *Elasmosaurus* |
| အီအိုဆင်းအကာလယုဂ် | Eocene epoch |
| အီအိုဟစ်ပတ် | *Eohippus* |
| အေကင်သိုဒီး | *Acanthodes* |
| အေကွဘ် | *Equus* |
| အေဂျီတိုပီသီးကတ် | *Aegyptopithecus* |
| အေပီယော်နစ်ငှက် | *Aepyornis* |
| အော့စတစ်သိုင်း | Osteichthys |
| အော့စထရာကိုဒမ် | *Ostracoderm* |
| အော်စထရာလိုပီသီးကပ် | *Australopithecus* |
| အော်ဒိုဗစ်စီယန်ယုဂ် | Ordovician period |
| အော်နီသီချီယန် | Ornithischians |
| အော်နီသိုပေါ့ | Ornithopod |
| အော်နီသိုမီးမတ် | *Ornithomimus* |
| အော်နီသိုလက်စတီး | *Ornitholeste* |
| အော်ရီယိုပီသီးကတ် | *Oreopithecus* |
| အော်ရန်အူတန်လူဝံ | Orangutan |
| အော်လီဂိုဆင်းအကာလယုဂ် | Oligocene epoch |
| အော်သိုဆီးရတ် | *Orthoceras* |
| အိုကာလီယူတီနတ် | *Ocalieutinus* |
| အက်စတာရိုဇိုင်လွန် | *Asteroxylon* |
| အက်စထရာပိုသီရီယမ် | *Astrapotherium* |
| အင်ခီဆောရတ် | *Anchisaurus* |
| အင်ဒရီးယ | *Andrias* |
| အစ်သီယော်နစ် | *Ichthyornis* |
| အစ်သီအိုဆောရတ် | *Ichthyosaurus* |
| အတ်ဗတ် | Aardvark |
| အန်ကီလိုဆော | Ankylosaur |
| အန်ဂူလေတာ | Ungulater |
| အယ်လဂျီ | Algae |
| အယ်လီဖ | Elephas |
| အယ်လိုဆောရတ် | *Allosaurus* |
| အယ်လိုဒက်စမတ် | *Allodesmus* |

# ဆင်တို့၏ ဆင့်ကဲဖြစ်စဉ်



သက်နှောင်းကပ်–စတုတ္ထယုဂ်–ဟိုလိုဆင်း
လွန်ခဲ့သည့်နှစ် ၂၀,၀၀၀
သက်နှောင်းကပ်–စတုတ္ထယုဂ်–ပလိုင်စတိုဆင်း
လွန်ခဲ့သည့် နှစ် ၂ သန်း
မေ်ာရီလီယာ
အနန်းကတ်
ကူဗီရှန်နီးယတ်
သက်နှောင်းကပ်–တတိယယုဂ်–ပလိုင်အိုဆင်း
လွန်ခဲ့သည့် နှစ် ၇ သန်း
တက်ထရာလိုဖိုဒွန်
ပင်တာလိုဖိုဒွန်
ဆာဗီလိုဒွန်
တိုရီနိုဗီလိုဒွန်
ဒိုင်နိုသီရီယမ်
ထရိုင်လိုဖိုဒွန်
မေ်ာရီလီယာ
ဆင်ကိုနိုလိုဖတ်
စတက်ဂိုမာစတိုဒွန်
အိုကာလီယူတီနတ်
သက်နှောင်းကပ်–တတိယယုဂ်–မိုင်အိုဆင်း
လွန်ခဲ့သည့် နှစ် ၂၆ သန်း
နာသာဗီလိုဒွန်
ထရိုဗယ်လဒွန်
ဒိုင်နိုသီရီယမ်
ထရိုင်လိုဖိုဒွန်
တက်ထရာလိုဖိုဒွန်
ယူဗလီဒွန်
ဆာရီဒင်တီနတ်
ဒိုင်နိုသီရီယမ်
ထရိုင်လိုဖိုဒွန်
သက်နှောင်းကပ်–တတိယယုဂ်–အော်လီဂိုဆင်း
လွန်ခဲ့သည့် နှစ် ၃၇ သန်း
ဖီအိုမာ
မိုရီသီရီယမ်
ဖီအိုမာ
သက်နှောင်းကပ်–တတိယယုဂ်–အီအိုဆင်း
လွန်ခဲ့သည့် နှစ် ၅၅ သန်း
မိုရီသီရီယမ်
သက်နှောင်းကပ်–တတိယယုဂ်–ပေလီအိုဆင်း
လွန်ခဲ့သည့် နှစ် သန်း ၇၀
သက်လယ်ကပ်–ခရီတေးရှတ်ယုဂ်
လွန်ခဲ့သည့် နှစ် ၁၃၅ သန်း




ဆင်တို့၏ဆင့်ကဲဖြစ်စဉ်သည် နို့တိုက်သတ္တဝါတို့ မည်ကဲ့သို့ တဖြည်းဖြည်း ဆင့်ကဲဖြစ်ပေါ်လာပုံကို ဖော်ပြသော အထင်ရှားဆုံး ဥပမာ ဖြစ်သည်။ နှစ်သန်းပေါင်း ၆၀ ကျော်အတွင်း သမိုင်းမတင်မီအချိန်က ဆင်တို့သည် အမျိုးအစားစုံလင်စွာ ပေါ်ပေါက်ခဲ့ပြီး များပြားလှစွာသော ဆင်မိသားစုကို ဖြစ်ပေါ်စေခဲ့သည်။ ၎င်းတို့သည် ကမ္ဘာ့နေရာအနှံ့ ပြန့်ပွားခဲ့ကြသော်လည်း ယခုအခါ အာရှတိုက်နှင့် အာဖရိကတိုက်ဘွင်သာ တွေ့ရ၏။ ဖော်ပြပါပုံကို အောက်မှ အထက်သို့ လေ့လာကြည့်ရှုရန် ဖြစ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/